မြန်မာနိုင်ငံ
ကက်သလစ်
ဆရာတော်များ
အဖွဲ့ချုပ်
သတင်းဂျာနယ်

the CBCM Herald

ငါသည် လောက၏ အလင်း
ဖြစ်၏။ ငါ့နောက်သို့ လိုက်
သောသူသည် မှောင်မိုက်တွင်
သွားလာရမည် မဟုတ်၊
သူသည် အသက်နှင့် ဆိုင်
သော အလင်းကို ရလိမ့်မည်။

ရှင်ယောဟန် ၈း၁၂

ဩဂုတ်လ ၂၀၁၉ ခုနှစ် | မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများ အဖွဲ့ချုပ်မှ လစဉ်ထုတ်ဝေသည် | အတွဲ (၄) အမှတ် (၈)

# ပုပ်ရဟန်းမင်းကြီး ဖရန့်စစ် ရုရှားသမ္မတ ဗလာဒီမာ ပူတင် အား လက်ခံတွေ့ဆုံ

စာ - ၅



ပုပ် ရဟန်းမင်းကြီး ဖရန့်စစ် ရုရှား သမ္မတ ပူတင်အား ၂၀၁၉ ခု ဇူလိုင်လ ၄ ရက်နေ့တွင် ဗာတီကန်၌ ကြိုဆိုနှုတ်ဆက်စဉ်

# သဘာဝ ပတ်ဝန်းကျင် စိမ်းလန်းစိုပြေရေး လှုပ်ရှားမှု သစ်ပင်စိုက်ပွဲတော်

စာ - ၁၁





မန္တလေး ကက်သလစ် ဂိုဏ်းချုပ် သာသနာပိုင် မုံလှ ဇာတိဖွား ဆရာတော်ကြီး မာကုတင်ဝင်း အား မုံလှရွာမှ ဘာသာတူများက ဂုဏ်ပြုဆိုကြို နှုတ်ဆက်ခြင်းနှင့် ကျေးရူးတင် မစ္ဆားတရား ပြုလုပ်ပေးခြင်း

စာ - ၁၅




ပြည် သာသနာ ဂိုဏ်းအုပ်ဆရာတော် အလက်ဇန္ဒြား ပြုံးချို ၏ အသက်တော် (၇၀) နှစ် ပြည့် မွေးနေ့ ပွဲတော်

စာ - ၁၄



ထိုင်းနိုင်ငံလုံးဆိုင်ရာ ကက်သလစ် ဆရာတော်ကြီးများအဖွဲ့ချုပ် နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ကက်သလစ် ဆရာတော်ကြီးများအဖွဲ့ချုပ် ၏ (၆) လပတ် တွေ့ဆုံ အစည်း အဝေး ကျင်းပ

စာ - ၉

## အယ်ဒီတာ့ အာဘော်

### မိတ်ဆွေသူငယ်ချင်းများနေ့

လူသည် အသင်းအဖွဲ့နှင့် နေထိုင်ရသော သတ္တဝါ ဖြစ်သည်။ တစ်ဦးတည်း တစ်ယောက်တည်း ရှင်သန်ရန် မဖြစ်နိုင်ပါ။ မည်သူနှင့်မျှ အပေါင်းအသင်း မလုပ်ဘဲနေထိုင်ခြင်းသည် မှုမှန်သော ရှင်သန်ခြင်း မဟုတ်ပေ။

မိတ်ဆွေအပေါင်းအသင်းဖွဲ့ခြင်းသည် မိမိတစ်ဦးတည်း အတွက်သာမက လူ့ အသိုင်းအဝိုင်း၏ တည်ငြိမ်အေးချမ်းရေးအတွက်ပါ လိုအပ်သည်။ ထို့ကြောင့် ဇူလိုင်လ ၃၀ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ မိတ်ဆွေသူငယ်ချင်းများနေ့ (The International Day of Friendship) အဖြစ်သတ်မှတ်ကာ နေရာ အနှံ့တွင် ကျင်းပကြရန် တိုက်တွန်းနှိုးဆော်သည်။

အပြည်ပြည်ဆိုင်ရာ မိတ်ဆွေသူငယ်ချင်းများနေ့ကို ယူနက်စကို UNESCO ခေါ် ကမ္ဘာ့ကုလ သမဂ္ဂရဲ့ ပညာရေး၊ သိပ္ပံနဲ့ ယဉ်ကျေးမှုအဖွဲ့ကြီးက စတင်ခဲ့ခြင်းဖြစ်သည်။ ၁၉၉၇ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော ကမ္ဘာ့ကုလ သမဂ္ဂ အထွေထွေ ညီလာခံ၌ ငြိမ်းချမ်းရေး အလေ့အထ ဆိုသည်မှာ အကြမ်းဖက်မှုကို ဆန့်ကျင်ပြီး ပဋိပက္ခများကို တားဆီးရန်၊ ပြဿနာ၏ အရင်းအမြစ်ကို ရှာဖွေဖြေရှင်းရန် လက်တွေ့ဆောင်ရွက်နိုင်သည့် တန်ဖိုးထားတတ်ခြင်း၊ စိတ်နေသဘောထားနှင့် အပြုအမူများ ဖြစ်ကြောင်း အကျယ်တဝင့် ဆွေးနွေးခဲ့ကြသည်။

၁၉၉၈ ခုနှစ်တွင် ချမှတ်ခဲ့သော ဆုံးဖြတ်ချက်အရ "(၂၀၀၁ - ၂၀၁၀) ဆယ်နှစ်ကို ကမ္ဘာ့ကလေးငယ်များအတွက် ငြိမ်းချမ်းခြင်း နှင့် အကြမ်းမဖက်ရေး အလေ့အထ" တည်ဆောက်ရေး ဆယ်စုနှစ်အဖြစ် ကြေငြာခဲ့သည်။ အထွေထွေ ညီလာခံကြီးမှ အကြမ်းဖက်မှုမျိုးစုံသည် ကလေးသူငယ်များစွာကို အဓိက ထိခိုက် နာကျင်စေကြောင်း အသိအမှတ် ပြုခဲ့ကြသည်။ ငြိမ်းချမ်းရေးနဲ့ အကြမ်းမဖက်ရေးအတွက် ကလေးငယ်များအား ပညာရေးအားဖြင့် သွန်သင်ပေးရမည် အခိုင်အမာဆိုခဲ့ကြသည်။ ကလေးငယ်များသည် ငြိမ်းချမ်းခြင်း၌ သဟဇာတရှိစွာ နေထိုင်တတ် ကြမည်ဆိုလျှင် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းခြင်း အတွက် အတူလက်တွဲ လုပ်ဆောင်ခြင်းများလည်း ရှိလာပါလိမ့်မည်။

အပြည်ပြည်ဆိုင်ရာ သူငယ်ချင်းများနေ့ကိုလည်း တစ်ဦးနှင့်တစ်ဦး မိတ်ဆွေသူငယ်ချင်းဖြစ်ခြင်းသည် ကမ္ဘာတဝှမ်း၌ ရှိကြသော လူသားများအတွက် အလွန်အရေးပါပြီး မြင့်မြတ်သည့် တန်ဖိုးများစွာရှိကြောင်း အသိအမှတ်ပြုကာ ကျင်းပစေခဲ့ခြင်း ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ သူငယ်ချင်းများနေ့ကို ၂၀၁၁ ခုနှစ် ကမ္ဘာ့ကုလ သမဂ္ဂ အထွေထွေညီလာခံကြီးက ကြေငြာခဲ့သည်။ လူအချင်းချင်း၊ တိုင်းနိုင်ငံအချင်းချင်း၊ ဓလေ့ထုံးစံ အချင်းချင်း နဲ့ လူတစ်ယောက်ချင်း အကြားတွင် မိတ်ဆွေသူငယ်ချင်း ဖြစ်နေခြင်းသည် လူ့အသိုင်းအဝိုင်းတွင်လည်း ပေါင်းကူး တံတားများ တည်ဆောက်ပေးနိုင်ပါသည်။

ကမ္ဘာ့ကုလ သမဂ္ဂ၏ ဆုံးဖြတ်ချက်တွင် အပြည်ပြည်ဆိုင်ရာ မိတ်ဆွေ သူငယ်ချင်းများနေ့ကျင်းပရာတွင် လူငယ်များ ပါဝင်ဆင်နွှဲရန် နှိုးဆော်ထားသည်။ လူငယ်များသည် အနာဂတ်၏ ခေါင်းဆောင်များ ဖြစ်သောကြောင့် လူ့အဖွဲ့အစည်းအတွင်း၌ မတူညီသော ယဉ်ကျေးမှု ဓလေ့ထုံးစံများ ရှိကြောင်း သိကြရမည် ဖြစ်သကဲ့သို့ မတူညီမှုများကိုလည်း လေးစားလက်ခံ တတ်ရန် လိုအပ်သည်။

ငါသည် သင်တို့ကို မိတ်ဆွေ (သူငယ်ချင်းများ) ဟု ခေါ်မည် ဆိုသည့် အကြောင်းကို ခရစ်တော်က သူ၏ တပည့်ကြီးများအား မိန့်ကြားခဲ့သည်။ ဘုရားသခင်သည် လူတို့နှင့် မိတ်ဆွေဖွဲ့ကာ လူသားများကဲ့သို့ ဖြစ်လာသည်။ လူသားများအား သူ့ အကြောင်းကို အကုန်အဆင် ဖော်ပြသည်။ အကြောင်းမူကား ငါ၏ ခမည်းတော်ထံမှ ကြားသိရသမျှကို ငါသည် သင်တို့အား ငါသိစေပြီ ဟု ခရစ်တော်က မိန့်တော်မူခဲ့သည်။ (ယောဟန် ၁၅း၁၅)

ဇေကန်စင်စစ်သည် မိတ်ဆွေ သူငယ်ချင်းများအကြားတွင် ထိတ်လန့်စိုးရိမ်စွာ ထိမ်ဝှက်ထားရမည့်အရာ မရှိတော့ပါ။ အဘယ့်ကြောင့်ဆိုသော် မိတ်ဆွေ သူငယ်ချင်းများ အကြားတွင် မတူညီမှုများကို ကျော်၍ ကြည့် မြင်နိုင်ကြသည်။

ရှင်ပေါလုက ကျွန်ုပ်တို့ အချင်းချင်းအကြား ထားရှိသော ချစ်ခြင်းမေတ္တာသည် ဟန်ဆောင်မှု ကင်းရမည် ဖြစ်ကြောင်း သတိပေးထားသည်။ ဘာသာဝင်များအား ညီအစ်ကို စိတ်ထားဖြင့် ချစ်ကြရမည် ဖြစ်သလို မတူညီသည့် သူစိမ်းများအားလည်း မေတ္တာထားဖို့ လိုအပ်ကြောင်း နှိုးဆော်ထားသည်။ (ရောမ ၁၂း၉-၁၃)

ကမ္ဘာမြေပေါ်တွင် ငြိမ်းချမ်းခြင်းရှိပါစေ၊ စစ်မက်တွေ ရပ်တန့်ပါစေ၊ လူသားတိုင်း တရားမျှတမှု ရရှိကြပါစေ၊ စသဖြင့် ဆန္ဒပြုနေကြသော ကျွန်ုပ်တို့သည် မည်သည့် အတိုင်းအတာထိ မိတ်ဆွေ ဖွဲ့နိုင်ကြပါသနည်း။ ကျွန်ုပ်တို့၌ ရင်းနှီးကျွမ်းဝင်သော မိတ်ဆွေ စစ်မည်မျှ ရှိပါသနည်း။ မိမိကိုယ်ကို ပြန်လည် သုံးသပ်ခြင်းအား ဖြင့် ကျွန်ုပ်သည် ကမ္ဘာမြေ ငြိမ်းချမ်းရေးအတွက် မည်မျှ ပံ့ပိုးနေသည်ကို သိနိုင်ပါမည်။

ကမ္ဘာမြေ ငြိမ်းချမ်းစွာ သာယာလှပနိုင်ဖို့ မိတ်ဆွေဖွဲ့ကြပါစို့။

## ၂၀၁၉ ခု ဩဂုတ်လ အတွက် ပုပ်ရဟန်းမင်းကြီး၏ ဆုတောင်းမေတ္တာ ရည်ရွယ်ချက်

ဆုတောင်းခြင်းနှင့် ချစ်ခြင်းမေတ္တာ အသက်တာ အားဖြင့် မိသားစုများသည် စစ်မှန်သောလူသားဖွံ့ဖြိုးရေး၏ ကျောင်းများ ဖြစ်လာနိုင်ကြပါမည့်အကြောင်း

**That families, through their life of prayer and love, become ever more clearly "schools of true human growth".**





ကောင်းကင်ဘုံသို့ ပင့်ဆောင်ခြင်း ခံရတော်မူသော သခင်မ ကျွန်ုပ်တို့အဖို့ ငါ့ ဆုတောင်းပေးတော်မူပါ။


**ထုတ်ဝေခွင့်အမှတ်**
၀၁၇၂၅

**နာယက**
ဆရာတော် ပီတာလွိုင်စ် ကျာခူ

**အယ်ဒီတာချုပ်နှင့်ထုတ်ဝေသူ**
ဖာသာရ် မာရီယာနို စိုးနိုင်

**အယ်ဒီတာအဖွဲ့ဝင်များ**
ဖာသာရ် ဂျိမ်းဘရန်ဂျာ၊ ဖာသာရ် စောလောရင်းစ်၊
ဖာသာရ် ဝီလျံစိုး၊ ဖာသာရ် ဩဂုတ်စတင်းရွှေ

**ဒီဇိုင်းဖွဲ့စည်းပုံ**
ဖါသာရ် စိုးနိုင် ၊ ရိုစ့်မေရီ

**အတိုင်ပင်ခံများ**
CBCM အထွေထွေအတွင်းရေးမှူး၊
ငြိမ်းချမ်းရေးနှင့် တရားမျှတရေးကော်မရှင်၊
ကက်သလစ်ရှေ့နေများအဖွဲ့။

**ဖြန့်ချီရေးတာဝန်ခံများ**
သာသနာ (၁၆)ခု နှင့် သူတော်စင်ဂိုဏ်းများမှ
လူထုဆက်သွယ်ရေးတာဝန်ခံများ

**ပုံနှိပ်တိုက်**
စိန်ဇေးဗီးယားပုံနှိပ်တိုက် (၀၀၂၆၂)
အမှတ်(၂၇)ဖဆပလရပ်ကွက်၊ ဂျိုးဖြူလမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

**ငွေလွှဲရန်**
ရိုးမဘဏ်နှင့် ကမ္ဘောဇဘဏ် မြေနီကုန်း၊ ရန်ကုန်။
နော်မြတ်နှင်းထွေး (၁၄/ဟသတ(နိုင်)၂၄၆၀၉၅

**ဆက်သွယ်ရန်**
CBCM Herald သတင်းစာရုံးခန်း
မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများကျောင်း
၂၉၂(က)၊ ပြည်လမ်း၊ စမ်းချောင်း၊ ရန်ကုန်
ဖုန်း ၀၁ ၅၂၅၈၀၈ (ရုံးဖွင့်ချိန်များသာ)
cbcmosc@gmail.com



ပုပ်ရဟန်းမင်းကြီး ဖရန်စစ် အရှင်သူမြတ်၏ ဗုဒ္ဓဟူးနေ့ လူထုပရိသတ်အား သွန်သင်ချက်

ပုပ်ရဟန်းမင်းကြီးဖရန်စစ် အရှင်သူမြတ်က ဗုဒ္ဓဟူးနေ့ လူထုပရိသတ်အား ဘုရားစကားသွန်သင်ရာတွင် ကောင်းကင်ဘုံ၌မေတ္တာကို အဆုံးသတ်ခဲ့ပြီးနောက် တမန်တော်ဝတ္ထုကို အခြေခံ၍ အရှင်သူမြတ်ရဲ့ ဘုရားစကား သွန်သင်ခြင်းကို ဆက်လက်ပြုလုပ်ခဲ့ပါတယ်။ ကျမ်းပြုပုဂ္ဂိုလ်ရှင်လူကားရေးထားတဲ့ ဒီကျမ်းစောင်က ခရီးပြုခြင်းနဲ့ ပတ်သက်ပြီးပြောပြ နေပါတယ်။ ဘယ်လိုမျိုးခရီးကိုပြောချင်တာပါလိမ့်။ ဘယ်သူ့ရဲ့ ခရီးပြုခြင်းလဲ။ ဧဝံဂေလိ သတင်းကောင်းကို လောကထဲမှာ သယ်ဆောင်ခြင်းခရီးလို့ ဆိုနိုင်ပါတယ်။ ဒီခရီးမှာသန့်ရှင်းသောဝိညာဉ်တော်နှင့် နှုတ်ကပါတ်တော်ကြားက နှောင်ဖွဲ့ဆက်နွယ်ပတ်သက်မှုကို ပြသထားတယ်။ ဝိညာဉ်တော်က ဧဝံဂေလိတရားတော်နှင့်သာသနာပြုခြင်းကို အသက်ဝင်စေတဲ့ အဓိကဇာတ်ဆောင်ပါပဲ။ တမန်တော်ဝတ္ထုမှာ နှုတ်ကပါတ်တော်နှင့် ဝိညာဉ်တော်ဘုရား အတူ သက်ဝင် ယှဉ်တွဲနေတာကိုအဓိက တွေ့ရတယ်။

ဘုရားရှင်က ကမ္ဘာမြေပေါ်သို့ နှုတ်ကပါတ်တော်အားဖြင့်သူ့ရဲ့ ပညတ်စကားကိုချမှတ်ပေးထားတယ်လို့ ဆာလံကျမ်းမှာ ဆိုထားတယ်။ နှုတ်ကပါတ်တော်က သိမ်မွေ့တယ်။ အစွမ်းရှိတယ်။ နှုတ်ကပါတ်တော်ကိုလူ့စကားနဲ့ဟောပြောတယ်။ လူ့စကားကို ကျွမ်းကျင်လိမ္မာအောင် ပြောတတ်လို့ နှုတ်ကပါတ်တော်ကထိရောက်ခဲ့တာမဟုတ်ဘူး။ သန့်ရှင်းသော ဝိညာဉ်တော်ဘုရားကြောင့်သာ လူ့စကားဖြင့်ပြောတဲ့ နှုတ်ကပါတ်တော်က အစွမ်းထက်ခဲ့ခြင်းသာ ဖြစ်ပါတယ်။ လူ့ရဲ့ဘာသာစကားကို သန့်စင်စေပြီး အသက်ကိုဆောင်ကျဉ်ပေးနိုင်လောက်တဲ့အထိ ဖြစ်လာခဲ့ပါတယ်။သန့်ရှင်းသော ဝိညာဉ်တော်သာလျှင် အစွမ်းတန်ခိုးနဲ့ပြည့်အောင်လှုံ့ဆော်ပေးနိုင်တယ်။ ဒါမှသာ နှုတ်ကပါတ်တော်က သန့်ရှင်းမြင့်မြတ်ရာအကြောင်း ဖြစ်စေမယ့် မျိုးစေ့တစ်စေ့လိုဖြစ်လာတယ်။ ဝိညာဉ်တော်ဘုရားက လူ့ဘာသာစကားကိုထိတွေ့လိုက်တဲ့အခါ လူ့စကားကလူတွေရဲ့ နှလုံးသားကိုလောင်ကျွမ်းစေပြီးဘုရားရှင်ဆီသို့ဦးတည်ခေါ်ဆောင်နိုင်တဲ့စွမ်းအားပြင်းသောအရာတစ်ခု ဖြစ်လာတယ်။ ဘယ်လောက်တောင် အစွမ်းတန်ခိုးရှိသလဲဆိုတာကို ကျွန်ုပ်တို့ ဒီဘုရားစကားသွန်သင်ခြင်းမှာဆက်လက်လေ့လာသွားကြမယ်။

လူ့ရဲ့ဘာသာစကားဖြင့်ပြောတဲ့ နှုတ်ကပါတ်တော်အားဖြင့် ယေရှုခရစ်တော်ဟာ လူ့ဇာတိအဖြစ်ကိုခံယူခဲ့တယ်။ ဝိညာဉ်တော်ဘုရားက သူ့ကိုဆီလူးဘိသိတ်ပေးခဲ့တယ်။ သူ့ရဲ့ ဒေသနာတော် လုပ်ငန်းတွေမှာလည်းအားဖြည့်ပံ့ပိုးပေးခဲ့တယ်။ ဝိညာဉ်တော်ရဲ့ အလင်းပြမှုအောက်မှာ ခရစ်တော်ကမိမိရဲ့ နောက်လိုက် တပည့်တော်ကြီးတွေကို ရွေးချယ်ခဲ့တယ်။ တပည့်တော်ကြီးတွေရဲ့ ဟောပြောခြင်းတွေ၊ သက်သေခံခြင်းတွေမှာလည်းအဆုံးထိတိုင် တည်ကြည် သစ္စာရှိနိုင်ဖို့ ဝိညာဉ်တော်ကပဲ ခွန်အားပေးခဲ့တယ်။ ယနေ့ထိတိုင်အောင် အလင်းပေးနေတာကိုပဲ ကြည့်တော့။ ဧဝံဂေလိကျမ်းစာက ခရစ်တော်ရဲ့ ရှင်ပြန်ထမြောက်ခြင်းနှင့် ကောင်းကင်ဘုံတက်ကြွခြင်းဖြင့် အဆုံးသတ်သွားခဲ့တယ်။ တမန်တော်ဝတ္ထုက အဲ့ဒီကနေ အစပြုတာပဲ။ ခရစ်တော်ရဲ့ ရှင်ပြန်ထမြောက်ခြင်းအားဖြင့် အသင်းတော်ကို အစပြုရာအကြောင်းဖြစ်ခဲ့တယ်။ ရက်ပေါင်း ၄၀ တိုင်အောင် ကိုယ်တော်က အမှန်တကယ် ရှင်ပြန်ထမြောက်ကြောင်းသက်သေ သာဓကတွေပြခဲ့တယ်။ ရှင်ပြန်ကြောင်းသေချာအောင် လူတွေ လက်ခံနိုင်လောက်တဲ့ လက္ခဏာတွေနဲ့ ပြသတယ်။ သူတို့နဲ့ အတူစားသောက် ပြခဲ့တယ်။ သန့်ရှင်းသော ဝိညာဉ်တော်၌ ဆေးကြောခြင်းကိုခံယူကြလော့လို့ မိန့်ခဲ့တဲ့ ကတိတော်အတိုင်း ဝိညာဉ်တော် ဘုရားရဲ့ အသက်တာကို ရှင်သန်ကြဖို့ ဖိတ်ခေါ်ခဲ့တယ်။ ဝိညာဉ်တော်၌ ဆေးကြောခြင်းခံယူတာဟာ ဘုရားရှင်နဲ့ ပေါင်းစပ်ခြင်းကိုတွေ့ကြုံခံစားစေဖို့ပဲဖြစ်တယ်။ ပြီးတော့မှ လူသားအားလုံးကယ်တင်ခြင်းခံရဖို့ နှုတ်ကပါတ်တော်ကို သတ္တိရှိတဲ့ ဘုရားသားသမီးတွေအဖြစ်နဲ့ လက်ဆင့်ကမ်း သယ်ဆောင်ဖို့ ဖိတ်ခေါ်လိုက်ခြင်းပါပဲ။ ဘုရားရှင်ရဲ့ ကယ်တင်ခြင်းကျေးဇူးတော်ကိုလက်ဆောင်အဖြစ်နဲ့ သယ်ဆောင်ရမယ်။ အဖိုးအခပေးစရာမလိုဘူး။ ကယ်တင်ခြင်းဟာ ဘုရားပေးတဲ့ လက်ဆောင်။ လွတ်လပ်စွာနဲ့ဝေမျှပြီး ဝိညာဉ်တော်ရဲ့ အလင်းပေးမှုအောက်မှာ လူသားအားလုံးအတွက် ဆောင်ကျဉ်းပေးရမယ်။ ဒါကိုတပည့်တော်ကြီးတွေ ကောင်းကောင်းကြီး ကြုံတွေ့ခံစားသိရှိခဲ့ရတယ်။ ဝိညာဉ်တော်ဘုရားက တပည့်တော်ကြီးတွေရဲ့ဘေးမှာခရီး

> နှုတ်ကပါတ်တော်က သိမ်မွေ့တယ်။
> အစွမ်းရှိတယ်။ နှုတ်ကပါတ်တော်ကို
> လူ့စကားနဲ့ ဟောပြောတယ်။
> လူ့စကားကို ကျွမ်းကျင်လိမ္မာအောင်
> ပြောတတ်လို့ နှုတ်ကပါတ်တော်က
> ထိရောက်ခဲ့တာမဟုတ်ဘူး။ သန့်
> ရှင်းသော ဝိညာဉ်တော်ဘုရားကြောင့်သာ
> လူ့စကားဖြင့် ပြောတဲ့ နှုတ်ကပါတ်တော်
> က အစွမ်းထက်ခဲ့ခြင်းသာ ဖြစ်ပါတယ်။

ပြုပေးခဲ့တယ်။ ကယ်တင်ခြင်းသတင်းကောင်း ပြန့်နှံ့စေဖို့နဲ့ ဘုရားရှင် ပြင်ဆင်ထားတဲ့ လမ်းကို ကျိုးနွံယုံကြည်စွာ လျှောက်ကြဖို့ ဝိညာဉ်တော်ဘုရားက လမ်းပြခေါ်ဆောင်နေခဲ့ပါတယ်။

(မေလ ၂၉ရက်၊ ၂၀၁၉)

> ဂျူးဒ အီစကာရုဒ်က တပည့်တော်ကြီးတွေ
> စုရုံးတဲ့ အသိုင်းအဝိုင်းကနေ ကိုယ့်ဟာကို
> သီးသန့်ခွဲ နေတယ်။ မိမိကိုယ်ကိုကိုးကွယ်၊
> သီးသန့် ဆန်ဆန်နေပြီးငွေကို ခင်တွယ်ခဲ့ရာ
> ကနေမိတ်ဆွေအဖြစ်မှ ရန်သူသစ္စာဖောက်
> အဖြစ် ပြောင်းလဲသွားခဲ့ရတယ်။

ဧဝံဂေလိသမ္မာတရားက ဝိညာဉ်တော်ရဲ့ ဦးဆောင် မှုအောက်မှာ ခရီးတော်တော်ပေါက်ခဲ့တယ်။ အရာရာတိုင်းက ခရစ်တော် ဘုရားရဲ့ ရှင်ပြန်ခြင်းကနေ အစပြုခဲ့တယ်။ ရှင်ပြန်ထမြောက်ခြင်းက အဖြစ်အပျက်တွေအများကြီးထဲက သာမန် အဖြစ်ပျက်လေးတစ်ခုမဟုတ်ခဲ့ဘူး။ အသက်သစ်စတင်ရာ အရင်းအမြစ်ကြီး ဖြစ်ခဲ့တာပါ။ ဒါကြောင့်တပည့်တော်ကြီးတွေက နားထောင်ပြီး ခရစ်တော်ရဲ့ ပညတ်စကားကိုလိုက်နာခဲ့တယ်။ ဆုတောင်းခြင်း၌ အတူစုရုံးတယ်။ အမိမယ်တော်ကို မိခင်အဖြစ်ထားရှိပြီး နီးနီးကပ်ကပ်နေခဲ့တယ်။ အချင်းချင်း စုစည်းပေါင်းစပ်ခြင်းအားဖြင့် ဘုရားရှင်ရဲ့ အစွမ်းတန်ခိုးကိုခံယူရရှိအောင် ပြင်ဆင်ခဲ့ကြတယ်။

ပထမဆုံးအဖွဲ့အစည်းလေးမှာ လူအရေအတွက် ၁၂၀ ရှိခဲ့တယ်။ ၁၂ ဆိုတဲ့ ဂဏန်းကထူးခြားတယ်။ အီစရာအဲလ် လူမျိုး ၁၂ မျိုးကိုကိုယ်စားပြုပြီးတမန်တော်ကြီး ၁၂ ကနေဆင်းသက်လာတဲ့ အသင်းတော်ကို ဖော်ဆောင်ထားတယ်။ ခရစ်တော်ရဲ့ ဒုက္ခစရိယာနဲ့ ဝေဒနာလမ်းစဉ် မစခင် တပည့်တော်တစ်ပါးမှ သစ္စာဖောက် အပ်နှံလိုက်ချိန်မှာတော့ တပည့်တော်အရေအတွက်က ၁၂ ပါးမဟုတ်တော့ဘဲ ၁၁ ပါးပဲကျန်ခဲ့တယ်။ ဂျူးဒအီစကာရုဒ်က တပည့်တော်ကြီးတွေ စုရုံးတဲ့ အသိုင်းအဝိုင်းကနေ ကိုယ့်ဟာကို သီးသန့်ခွဲနေတယ်။ မိမိကိုယ်ကိုကိုးကွယ်၊ သီးသန့်ဆန်ဆန်နေပြီးငွေကိုခင်တွယ်ခဲ့ရာကနေမိတ်ဆွေအဖြစ်မှ ရန်သူသစ္စာဖောက်အဖြစ် ပြောင်းလဲသွားခဲ့ရတယ်။ ရှင်သန်ခြင်းထက် သေခြင်းကိုရွေးချယ်ခဲ့တဲ့ ဂျူးဒရဲ့ ဖောက်ပြန်မှုက ၁၂ ပါးပေါင်းစည်းထားတဲ့ အဖွဲ့အစည်းအတွက် ဒဏ်ရာ ဝေဒနာတစ်ခုတော့ဖြစ်စေခဲ့တာအမှန်ပဲ။ ဒါကြောင့် ပီတာက ပေါင်းစည်းညီညွတ်ခြင်းကို ဖော်ဆောင်ဖို့ ရည်ရွယ်ချက်နဲ့ ၁၂ ပါးပြည့်အောင် ပြန်တည်ဆောက်ပြီးမဲနှိုက် ရွေးချယ်ခဲ့တယ်။

တမန်တော်ဝတ္ထုမှာ တပည့်တော် ၁၂ ပါးကခရစ်တော်ရဲ့လမ်းစဉ်ကို ဖော်ပြခဲ့ကြတယ်။ ခရစ်တော်ရဲ့ ကယ်တင်ခြင်းလုပ်ငန်းမှာ သက်သေတွေ ဖြစ်ခဲ့တယ်။ မပြည့်စုံဘူး၊ အားနဲချက်တွေရှိပေမဲ့ ဘုရားကျေးဇူးတော်နဲ့ စည်းလုံးအောင်နေကြတယ်။ သူတို့ရဲ့ ဒီခရီးမှာ ရှင်ပြန်တော်မူတဲ့ ခရစ်တော်က အခရာကျခဲ့တယ်။ ခရစ်တော်ရဲ့ ရှင်ပြန်ခြင်းကျေးဇူးတော်နဲ့ အတူ ဝိညာဉ်တော်ဘုရားရဲ့ ခွန်အားအလင်းအားဖြင့် အသက်ရှင်သောဘုရားကို အသက်သေတဲ့အထိ သက်သေခံနိုင်ခဲ့ကြပါတယ်။

(ဇွန်လ ၁၂ ရက်၊ ၂၀၁၉)

သီကိုရှင်း



# ရဟန်းမင်းကြီး ဖရန်စစ်မှ စိန်ပီတာ အရိုးပါဝင်သော ဓါတ်တော်ကို ဩသဒေါ့စ် အသင်းတော် အား လက်ဆောင်ပေးလိုက်ခြင်း

ရဟန်းမင်းကြီး ဖရန်စစ်က ဩသဒေါ့စ်အသင်းတော်ရဲ့ အကြီးဆုံးဦးသျှောင် ဖြစ်သူ Patrairch Bartholomew အား တွေ့ဆုံချိန်မှာ စိန်ပီတာရဲ့ အရိုးများပါရှိတယ်လို့ယုံကြည်ထားတဲ့ ကြေးသေတ္တာနဲ့ ထည့်ထားသော ဓါတ်တော် (Relic) ကို ကောက်ခါ၊ ငင်ခါ လက်ဆောင်ပေးလိုက်ပါတယ်။ ဒါဟာ အသင်းတော်များအကြားချစ်ကြည်ရင်းနီးမှု တိုးပွါးစေဖို့လို့ သူကပြောပါတယ်။

အဲဒီဓါတ်တော်ကိုထားတဲ့ ရဟန်းမင်းကြီးအိမ်တော်ရဲ့ဘုရားကျောင်းဆောင် ထဲကနေ ကောက်ယူပြီး ပေးလိုက်တာပါ။ ဓါတ်တော်ကို ကြေးနဲ့အုပ် ထားပြီးအထဲမှာ စိန်ပီတာရဲ့ အရိုးစ (၈)ခုလောက်ပါရှိတယ်လို့ဆိုပါတယ်။ စိန်ပီတာရဲ့ အဲဒီအရိုးတွေကို ၁၉၅၂ ခုနှစ်တုန်းက စိန်ပီတာဘာစီးလီးကားကျောင်းတော်ကြီး မြေအောက်သင်္ချိုင်းတူးဖော်မှုပြုချိန်မှာ ဖော်ယူရရှိခဲ့တာဖြစ်တယ်။

အဲဒီဓါတ်တော်ပါတဲ့ ကြေးသေတ္တာ အပေါ်မှာ "ဗာတီကန် ဘာစီးလီးကားမြေအောက်သင်္ချိုင်း (hypogeum) မှ တူးဖော်ရရှိသော တမန်တော်ကြီး ပေတရု၏ အရိုး" လို့ ရေးထွင်းထားပါတယ်။ တူးဖော်ခဲ့စဉ်အနီးအနားကနံရံပေါ်မှာ (စိန်ပီတာ ဤနေရာမှာရှိသည်) လို့ ဂရိဘာသာနဲ့ရေးခြစ်ထားတာကိုတွေ့ရှိရပြီး ဒီစာဟာလွန်ခဲ့တဲ့ နှစ်ပေါင်း ၁၆၀ လောက်က ရေးထားဟန်ရှိတယ်လို့ ဆိုထားပါတယ်။ အရိုးလေ့လာဆန်းစစ်သူတွေကတော့ ဒီအရိုးတွေဟာ အသက် ၆၀-၇၀ ကြားအရွယ်ရှိ သူရဲ့အရိုးဖြစ်ကြောင်းလည်းတွေ့ရှိခဲ့ကြပါတယ်။ အရိုးကို ရွှေမှုင်နဲ့ ယက်လုပ်ထားတဲ့အစနဲ့သေချာထုတ်ပိုးထားတဲ့အထုတ်လိုက်ဖော်ယူနိုင်ခဲ့ကြတာပါ။

ရဟန်းမင်းကြီးဖရန်စစ်ဟာ ၂၀၁၃ နိုဝင်ဘာလ ၂၄ ရက် ယေရှုဘုရင်ပွဲနေ့တုန်းကတစ်ခါ ဒီအရိုးဓါတ်တော်ကိုဘုရားဖူးလာသူအများဖူးမြော်ကြည်ညိုစေဖို့ စိန်ပီတာရင်ပြင်ကို ထုတ်ဆောင်လာဖူးတယ်၊ အဲဒီနေ့က ဘုရားဖူးဧည့်သည်တွေထဲမှာဩသဒေါ့စ် အသင်းတော်က ထိပ်ပိုင်းခေါင်းဆောင်အချို့လည်းထိုဓါတ်တော်ကို ဖူးတွေ့ခဲ့ကြပါတယ်။

ယခု သူတို့အား ချစ်ကြည်ခြင်း လက်ဆောင်အဖြစ် ပေးလိုက်တဲ့ အဲဒီဓါတ်တော် အရိုးသေတ္တာကို ဩသဒေါ့စ်တို့ရဲ့ နယ်မြေအီစတန်ဘူလ် (Istanbul) ကို ပင့်ဆောင်သွားခဲ့ကြပါပြီ။ ဩသဒေါ့စ် ဂိုဏ်းချုပ်ဆရာတော်ကြီး Job ကတော့ ``ဒီအပြုအမူဟာနက်ရှိုင်းတဲ့စည်းလုံးခြင်းအတွက် ရောမခြေလှမ်းကြီးပါပဲ`` လို့မှတ်ချက်ချပါတယ်။





ဇွန်လ ၂၈-ရက်နေ့က ခရစ်ယာန်အသင်းတော်များစည်းလုံးရေး အစည်းအဝေးကို တက်ရောက်လာကြတဲ့ ကိုယ်စားလှယ်တော်များကိုတွေ့ဆုံရာမှာ "အရှေ့အသင်းတော် (ဩသဒေါ့စ်) နဲ့ အနောက်အသင်းတော် (ကက်သလစ်) ကဇွန်လ ၂၉-ရက်မှာ တူညီစွာသတ်မှတ်ထည့် သွင်းထားတဲ့ စိန်ပီတာ၊ စိန်ပေါပွဲနေ့၊ ဒီနေ့မှာကျွန်ုပ်တို့အချင်းချင်းကြားက မေတ္တာတရား၊ စည်းလုံးခြင်းများကို တိုးမြှင့်သွားကြပါစို့" လို့ ရဟန်းမင်းကြီးဖရန်စစ်က ဖိတ်ခေါ်၊ ပြောဆိုသွားပါတယ်။

Ref: Vatican News

ဘာသာပြန် - စစ္စတာဒဲနစ်ဂျာတောင်(SJA)

CBCM-OSC

# ရဟန်းမင်းကြီးဖရန်စစ် ဆီးရီးယားသမ္မတ အာဆတ် လက်ထဲသို့ စာတစ်စောင်ပေးပို့



ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် ဆီးရီးယားနိုင်ငံတွင် ဖြစ်နေသော လူသားရေးရာ အခက်အခဲများအတွက် လွန်စွာ စိတ်သောက ဖြစ်ရကြောင်း ဆီးရီးယား သမ္မတ အာဆတ်ထံ ပေးပို့သော စာတွင် ရေးသားခဲ့သည်။

ထိုစာကို ပုပ်ရဟန်းမင်းကြီး၏ ရုံးတော် လူသားတို့၏ ဘက်စုံဖွံ့ဖြိုးခြင်း မြှင့်တင်ရေးဌာန၏ ဥက္ကဋ္ဌ ကာဒီနယ် ပီတာ ကောဒ်ဂို အာပီယာ တပ်ခ်ဆန် က သမ္မတ အာဆတ်နှင့် ဇူလိုင်လ ၂၂ ရက်နေ့တွင် တွေ့ဆုံစဉ် သမ္မတ လက်တွင်းသို့ ပေးအပ်ခဲ့ခြင်း ဖြစ်သည်။ ကာဒီနယ် တပ်ခ်ဆန်သည် ဒမာစကပ်မြို့သို့ ရောက်ရှိနေပြီး သုနှင့် အတူ ဆီးရီးယားနိုင်ငံဆိုင်ရာ ဗာတီကန် သံအမတ်ကြီး မာရီယို ဇန်နာရီ၊ သံရုံး အတွင်းရေးမှူး ဖါသာရ် နီကိုလာ ရီကာဒီ တို့ လိုက်ပါလျက် သမ္မနှင့် တွေ့ဆုံခဲ့ခြင်း ဖြစ်သည်။ ထိုစာတွင် ဆီးရီးယားနိုင်ငံတွက် ဖြစ်နေသော စစ်ပွဲကြောင့် ဒုက္ခမျိုးစုံ ရင်ဆိုင်နေရသော အရပ်သားများအတွက် စိုးရိမ်ပူပန်ရကြောင်း ဖော်ပြထားသည်။ အထူးသဖြင့် အဒ်လဘ်မြို့တွင်ဖြစ်နေသောတိုက်ပွဲတွင် အရပ်သား များစွာ သေကြေနေရသည် အကြောင်းကို ရည်ညွှန်းထားသည်။

အဒ်လဘ်မြို့အား ဆီးရီးယား အစိုးရ၏တပ်များသည် ရုရှား၏ အကူအညီဖြင့် ပြန်လည် သိမ်းပိုက်နိုင်ရန် တိုက်ပွဲများ ပြင်းထန်လျှက်ရှိသည်။ ကမ္ဘာ့ကုလ သမဂ္ဂ၏ အဆိုအရ တိုက်ပွဲများအကြားတွင် လူပေါင်း သုံးသန်း ပိတ်မိလျက်ရှိသည်ဟု ဆိုသည်။

၂၀၁၁ ခုနှစ်တွင် စတင် ခဲ့သော ဆီးရီးယား ပြည်တွင်းစစ်သည် ယခုထိ ဆက်လက်ပြင်းထန်နေဆဲဖြစ်သည်။

၂၀၁၆ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော စာရင်း အရ ဆီးရီးယားလူမျိုး ၁၃.၆ သန်း စစ်ဘေးဒဏ်ခံနေရပြီးထိုအထဲတွင် ကလေးငယ် ၆ သန်းပါဝင်ပြီး ၉ သန်းမှာ အစားအစာ မရှိဘဲ အခြေခံလိုအပ်ချက်များ မရှိဟုဆိုသည်။

# ရဟန်းမင်းကြီးဖရန်စစ် ရုရှားသမ္မတ ဗလာဒီမာ ပူတင် အား ဗာတီကန်တွင် လက်ခံ တွေ့ဆုံ



ရုရှားသမ္မတ ဘလာဒီမာပူတင်သည် ဇူလိုင်လ ၄ ရက်တွင် ရဟန်းမင်းကြီး ဖရန်စစ်နှင့်ဗာတီကန်တွင်တွေ့ဆုံခဲ့သည်။

ကြိုတင် ထုတ်ပြန်ချက်များ အရ တွေ့ဆုံချိန်တွင် ငြိမ်းချမ်းရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အကြောင်းများကို အဓိက ပြောဆို ဆွေးနွေးမည် ဖြစ်ကြောင်း သိရသည်။ သမ္မတပူတင် အနေဖြင့် သူ၏ရုရှား နိုင်ငံသို့ ရဟန်းမင်းကြီးမှ သိုးထိန်းခရီးစဉ်အဖြစ် လာရောက် လည်ပတ်ရန်အတွက်မူ အပြုသဘောဆန်သည့် လက္ခဏာ မတွေ့ရ သေးပေ။

ရဟန်းမင်းကြီးဖရန်စစ်နှင့် ရုရှားသမ္မတပူတင်တို့၏ ယခုတွေ့ဆုံမှုမှာ တတိယအကြိမ်ဖြစ်သည်။ ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်တွင် ပထမဆုံးတစ်ကြိမ်၊ ၂၀၁၅ ခုနှစ် ဇွန်လ ၁၀ ရက်တွင် ဒုတိယအကြိမ် တွေ့ဆုံမှု ပြုခဲ့ကြသည်။ ကက်သလစ် အသင်းတော်ကြီးအနေနှင့်လည်း ဤပုဂ္ဂိုလ်နှစ်ဦး ယခုကဲ့သို့ တွေ့ဆုံ ဆွေးနွေးမှုများ ဆက် လက်၍ ပြုလုပ်သွားကြရန် မျှော်လင့်ပေသည်။

သူတို့နှစ်ဦး တွေ့ဆုံမှုသည် ရဟန်းမင်းကြီး အကြိုက်ဖြစ်သည့် ဘုံကမ္ဘာမြေအိမ်ကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန်၊ ဖန်ဆင်းခြင်း သဘာဝတရားကို တန်ဖိုးထားရန်နှင့် ငြိမ်းချမ်းရေး စသည့်ခေါင်းစဉ်များဖြစ်မည်ကိုခန့်မှန်းနိုင်ကြောင်း မော်စကိုဂိုဏ်းချုပ် ဆရာတော်ကြီး ကပြောကြားခဲ့သည်။

သမ္မတပူတင်၏ ဗာတီကန်ခရီးစဉ်ကြောင့် အားလုံးက ရုရှားနိုင်ငံ မြို့တော်မော်စကိုသို့ ရဟန်းမင်းကြီး အလည်အပတ်လာရောက်နိုင်စေရန် မျှော်လင့်ချက်ကြီးကြီး ထားနေကြပါသော်လည်း ဖြစ်လာမည့်အလားအလာမတွေ့ရဟု ယူဆကြောင်း ဂိုဏ်းချုပ် ဆရာတော်ကြီးက မှတ်ချက်ချသည်။

လက်ရှိအချိန်ထိ ရုရှားဩသဒေါက် အသင်းတော်မှ ရဟန်းမင်းကြီး သိုးထိန်းခရီးစဉ်အတွက် တရားဝင်ဖိတ်ကြားမှု မရှိသေးကြောင်း၊ ရုရှားနိုင်ငံ၏ ခိုင်မာ၊ အရေးပါဆုံးဖြစ်သော ဩသဒေါက် အသင်းတော်၏ ထောက်ခံသဘောတူညီမှု မရပါက သမ္မတပူတင်သည်လည်း ရဟန်းမင်းကြီးကိုဖိတ်ကြားမည် မဟုတ်ကြောင်း ဂိုဏ်းချုပ်ဆရာတော်ကြီးကလည်း ပြောကြားခဲ့သည်။

ဗာတီကန် ပြောဆိုခွင့်ရ အလက်ဇန်ဒရို ဂျီဇော့တီက ၅၅ မိနစ်ကြာ တွေ့ဆုံမှုသည် ရင်းနှီးပျူငှာသော တွေ့ဆုံမှု ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။ ပုပ်ရဟန်းမင်းကြီးနှင့် သမ္မတ နှစ်ဦးလုံး တွေ့ဆုံမှု နှင့် အပြန်အလှန် သဘော တူညီချက် ချမှတ် နိုင်မှုများအပေါ် အားရကျေနပ်မှု ရှိကြောင်းလည်းပြောကြားခဲ့သည်။ ဗာတီကန်ရှိ ယေရှုသူငယ်တော် ကလေးဆေးရုံနှင့် ရုရှားနိုင်ငံရှိ ကလေးဆေးရုံတို့အကြား ပူးပေါင်းဆောင်ရွက်ကြရန် သဘောတူ လက်မှတ် ရေးထိုးခဲ့ကြသည်။

ငြိမ်းချမ်းရေး အရေး ပြောဆိုရာတွင် ယူကရိန်းနှင့် ဆီးရီးယား အရေးများကို အဓိကထား ဆွေးနွေးခဲ့ကြသည်။ ထို နိုင်ငံများတွင် ဖြစ်ပွါးလျက်ရှိသော ပဋိပက္ခများတွင် ရုရှားနိုင်ငံသည် တိုက်ရိုက် ဆက်နွယ်ပါဝင်လျက်ရှိသည်။

အစဉ်အလာအရ တွေ့ဆုံမှု အထိမ်း အမှတ်လက်ဆောင် ဖလှယ်ရာတွင် ပုပ်ရဟန်းမင်းကြီးက ၂၀၁၉ ခုအတွက် ထုတ်ပြန်ထားသော ငြိမ်းချမ်းခြင်း သဝဏ်လွှာကို လက်မှတ်ထိုးပေးပြီး၊ စိန့်ပီတာ ရင်ပြင်ပုံတူ တစ်ခုကို ပေးခဲ့သည်။ သမ္မတပူတင်က ရဟန္တာ ပီတာနှင့် ပေါလူးတို့၏ အိုင်ကွန်ပုံကြီး တစ်ပုံနှင့် မိုက်ကယ် အန်ဂျေလို အထုတ္ထုပတ္တိကို ရိုက်ကူးထားသော ဒီဗီဒီ တစ်ချပ်ပေးခဲ့သည်။

Ref: Vatican News; Crux Now
(ဘာသာပြန်) - စစ္စတာဒဲနစ်ဂျာတောင် (SJA)
CBCM-OSC

# ပုပ်ရဟန်းမင်းကြီး (ငြိမ်း) ဘယ်နဒစ် (၁၆) ၏ တစ်ရက်တာ ခရီး



ပုပ်ရဟန်းမင်းကြီး (ငြိမ်း) ဘယ်နဒစ် (၁၆) သည် မိမိ သီတင်းသုံးနေရာ ဗာတီကန် ဥယျာဉ်တော်ရှိ ကျောင်းတော်မှ ရောမမြို့နှင့် မလှမ်းမကမ်းတွင် ရှိသော ကာဆယ် ဂန်ဒေါ့ဖို ဟု ခေါ်သော တောင်ပေါ်မြို့ငယ်လေးသို့ အလည် အပတ် သွားရောက်ခဲ့သည်။

သက်တော် ၉၂ နှစ် ရှိပြီဖြစ်သော ရဟန်းမင်းကြီးသည် ညနေ ၄ နာရီ ၁၅ မိနစ် တွင် ဗာတီကန်မှ ထွက်ခွါပြီး ည ၁၀ နာရီ ၃၀ မိနစ်အချိန်တွင် မိမိနေထိုင်ရာ ဗာတီကန်ရှိ ကျောင်းတော်သို့ ပြန်ရောက်ခဲ့သည်ဟု ဗာတီကန် ပြောခွင့်ရ ပုဂ္ဂိုလ် မာတေအို ဘရူနီက အတည်ပြု ပြောကြားခဲ့သည်။

ရဟန်းမင်းကြီး ဘယ်နဒစ်သည် ၂၀၁၃ ခုနှစ်တွင် အနားယူပြီးသောအခါ ထိုနေရာတွင် ဦးစွာနေထိုင်ခဲ့သည်။ ပုပ်ဖရန်စစ် ရွေးကောက် တင်မြှောက်ခံရပြီး နောက်မှသာ လက်ရှိနေထိုင်ရာ ဗာတီကန်ရှိ ကျောင်းဆောင်သို့ ပြောင်းရွှေ့လာခဲ့သည်။ ရဟန်းမင်းကြီး ဘယ်နဒစ်သည် ဆုတောင်းခြင်း၊ တရားဘာဝနာ ပွါးများခြင်း၊ စာပေများ ဖတ်ရှုလေ့လာခြင်း တို့ဖြင့်သာ နေထိုင်လျက်ရှိသည်။ ယခု အကြိမ်သည် ဗာတီကန်အပြင်သို့ ပထမအကြိမ် ထွက်ခွါခြင်းဖြစ်သည်။

ရဟန်းမင်းကြီးသည် ကာဆယ်ဂန်ဒေါ့ဖိုသို့ ရောက်ရှိစဉ် ဥယျာဉ်အတွင်း ခေတ္တအနားယူပြီး အစိမ်းရောင် သစ်တောအတွင်း စိပ်ပုတီး စိပ်ခဲ့သည်။ ထို့နောက် ရော့ကာ ဒီပါပါ ရှိ မယ်တော်၏ ဗိမာန်တော်သို့ သွားရောက်ဆုတောင်းခဲ့သည်။

ထို့နောက် မွန်ဆီညော် ရာဖါအယ်လို မာတီနယ်လီ နှင့်အတူ ဖရာစကာတီနယ် ဆရာတော်၏ အိမ်တော်သို့ သွားရောက် ညစာ အတူ သုံးဆောင်ခဲ့သည်။ ရောမသို့ ပြန်လည် ကြွရောက်ခဲ့ရာ ည ၁၀ နာရီ ၃၀ မိနစ်တွင် ဗာတီကန်ကျောင်းတော်သို့ ပြန်လည်ရောက်ရှိခဲ့သည်။

ပုပ် ရဟန်းမင်းကြီး အဖြစ် အမှုတော် ထမ်းဆောင်စဉ် နှစ်စဉ် နွေရာသီတွင် ထို တောင်ပေါ်မြို့လေး၌ နေထိုင်ခဲ့သည်။ ထိုမြို့လေးသည် ၁၆၂၆ ခုနှစ်ကပင် ပုပ်ရဟန်းမင်းကြီးများ၏ နွေရာသီ စံအိမ်တော် ဖြစ်နေခဲ့သည်။

Ref: Zenit News Agency

CBCM OSC







# အာပတ်ဖြေနားထောင်ချိန် ကြားသိရသည်များကို လျှို့ဝှက် ထိန်းသိမ်းရမည်

ကက်သလစ် ရဟန်းများသည် အာပတ်ဖြေနားထောင်ချိန် ကြားသိရသည်ကိုမည်သည့်အကြောင်းကြောင့်မျှ ပြန်လည်မဖော်ထုတ်နိုင်ပါ။ အာပတ်ဖြေခြင်းသည် ဘုရားရှင်၏ သွန်သင်မှုဥပဒေမှလာသည့်အရာဖြစ်သည်။ စက္ကရမင်တူး အရာတစ်ခု ဖြစ်သည်။ ကက်သလစ်အသင်းတော်မှ ထိန်းသိမ်းကျင့်ကြံသော ခရစ်ယာန်အနှစ်သာရ၊ အာပတ်ဖြေခြင်းဟူသည့် ပြန်လည်ကျေအေးသင့်မြတ်ခြင်း စက္ကရမင်တူးဆိုသည်မှာ လူသားအပြစ်ကိုကယ်လွှတ်ရန်လူ့အဖြစ်ယူ၍ကယ်ချွတ်ခဲ့သောထိုကယ်တင်ရှင်သည် သူ၏အပြစ်ကယ်လွှတ်ခြင်းအမှုတော်ကိုဆက်လက်လုပ်ဆောင်နိုင်စေရန်လိုအပ်သော အရာတစ်ခုအဖြစ် ရဟန်းတော်များအားဖြင့် ဤကျေးဇူးတော်စက္ကရမင်တူးကိုလူသားတို့အတွက်ထားရှိပေးခြင်းဖြစ်သည်။ သို့ဖြစ်၍ မည်သူမျှ၊ မည်သည့်အကြောင်းကြောင့်မှ လိုတိုး၊ ပိုလျှော့လုပ်၍မရ၊ ပြုပြင်ပြောင်းလဲ၍မရပါ။

မည်သည့် နိုင်ငံရေးဥပဒေ၊ မည်သည့်တရားခွင်ကမှ မပယ်ဖျက်နိုင်ပါ။ ဘုရားပြဌါန်းထားသောအရာ ဖြစ်သည်၊ လူစီမံပြဌါန်းသောအရာမဟုတ်။ ထို့ကြောင့် ပြင်ဆင်၊ ပယ်ဖျက်ရန် (သို့) ထုတ်ဖော်ပြောပြရန် တိုက်တွန်းခြင်း၊ တောင်းဆိုခြင်း၊ ဖော်ထုတ်စေရန် အဓမ္မနည်းသုံးခြင်းတို့သည် ကက်သလစ်သာသနာတော်ကြီး၏ ဘာသာရေးလွတ်လပ်ခွင့်နှင့် အားနည်းသော အပြစ်သားများ၏ လွတ်လပ်ခွင့်အပေါ် အကြမ်းဖက်ခြင်း၊ထိပါးခြင်းဖြစ်သည်။

ထို့ကြောင့် ကက်သလစ်ရဟန်းတို့သည် သခင် ခရစ်တော်နှင့် အသင်းတော်ကြီး၏ လူသားအားလုံးအတွက် ကယ်တင်ခြင်းဆိုင်ရာအရေးပါသော ဤအချက်ကို သစ္စာရှိရှိ စောင့်ထိန်းကြရန်နှင့် လိုအပ်ပါက မိမိတို့အသက်နှင့် လဲ၍ကာကွယ်သွားကြရမည်ဖြစ်သည့်အကြောင်းများကို ရဟန်းမင်းကြီး၏ ဗာတီကန်ရုံးတော်မှထပ်မံအတည်ပြုထုတ်ပြန် ပြောကြားလိုက်သည်။

Ref: Vatican News

(ဘာသာပြန်)-စစ္စတာဒဲနစ်ဂျာတောင် (SJA)

CBCM-OSC



# ထိမိ လှပသော ဆုတောင်းခြင်းကို ရဟန်းမင်းကြီး ဖရန်စစ် သင်ပြ

"အိုအဖ .. တပည့်တော်အား သန့် ရှင်းသော ဝိညာဉ်တော်ကို ပေးသနားပါ" ဟူသောတိုသော်လည်း၊ လိုရင်းကို ပို့ပေးသော ဆုတောင်း ချက်ကို ရဟန်းမင်းကြီး ဖရန်စစ်ကသင်ကြားပေးပါသည်။

ယေရှုး သခင်သည်လည်း မိမိ တပည့်တော်တို့အား အဘယ်သို့ ဆုတောင်းရမည်ကို သင်ကြားပေးခဲ့ပါသည်။

ယေရှုးသခင်က "သင်တို့ ဆုတောင်းသောအခါ" ဟု နိဒါန်းပျိုး လိုက်သော အသုံးအနှုန်းသည် ဆုတောင် ခြင်း၏ လျှို့ဝှက်ချက်၊ သော့ချက်ဖြစ်သည်။ ဤသော့ချက်အားဖြင့် ခမည်းတော်ဘုရားနှင့် ပိုမိုရင်းနှီးကျွမ်းဝင်စေရန်လမ်းဖွင့်ပေးပါသည်။

### ဘုရားသခင်အတွက်နေရာပေးပါ

ယေရှုးသည် "အဖ" ၏ အမည် ကိုခေါ်တခြင်းဖြင့် အကြောင်း အရာနှစ်ခုကိုချိပ်ဆက်သည်။ ထို အကြောင်းအရာမှာ "ကိုယ်တော်၏ နာမတော်အားရိုသေ လေးမြတ်ခြင်းရှိပါစေ" နှင့် "ကိုယ်တော်၏နိုင်ငံတော်သည် ရောက်ပါစေ" တို့ ဖြစ်သည်။

ယေရှုးသခင်၏ ဆုတောင်းသည် အလိုလိုဖြင့် ခရစ်ယာန်များအားလုံး၏ ဆုတောင်း ဖြစ်လာပါသည်။ ဤဆုတောင်းခြင်း၌ ပထမဦးဆုံး ဘုရားသခင် အတွက် နေရာ ပေးရမည်ကို သင်ပြထားပါသည်။ ဘုရားသခင်၏ သန့်ရှင်းခြင်းကို ဖန်ဆင်းခံကျွန်ုပ်တို့၏ အသက်တာ၌ဖော်ပြရန်၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ချစ်ခြင်း၌ အုပ်စိုးခြင်းကို ခံကာသူ၏ နိုင်ငံတော်ကျယ်ပြန့်ရန် ခွင့်ပြုပေးရမည်ဖြစ်သည်။



ကျွန် တောင်းလျှောက်ချက် (၃) ချက်မှာကျွန်ုပ်တို့၏ အခြေခံ လိုအပ်ချက်များ ဖြစ်သည့်အစားအစာ၊ ခွင့်လွှတ်ခြင်းနှင့် အပြစ်၏ သွေးဆောင်ခြင်းသို့ မကျရောက်မိစေရန်တို့ဖြစ်သည်။ အစားအစာ သည် စုဆောင်းရန်၊ ဖြန်းတီးရန်၊ ခရီးကို တုန့်နှေးစေမည့် ဝန်ထုတ်မဟုတ်ပေ။

ခွင့်လွှတ်ခြင်းသည် ဘုရား သခင်ထံမှရရှိသော ထူးခြားသောဆုဖြစ်ပါသည်။ ဤ ခွင့်လွှတ်ခြင်း ကျေးဇူးတော်ကြောင့် ကျွန်ုပ်တို့၏ အပြစ် အမှားများကို သိရှိလာရသည်။ ဤခွင့်လွှတ်ခြင်း ကျေးဇူးတော်အားဖြင့်ညီအစ်ကိုရင်း အပြုအမူကို အမှန်တကယ်ဖော်ဆောင်နိုင်အောင် ပံ့ပိုးပေးနေခြင်းဖြစ်သည်။

အပြစ်ထဲသို့ မကျရောက်မိစေ ရန် တောင်းလျှောက်အသနားခံခြင်း "အိုအဖ .. တပည့်တော်အားသန့်ရှင်းသော ဝိညာဉ်တော်ကို ပေးသနားပါ" ဆုတောင်းသံသည် တိုသော်လည်း၊ လိုရင်းကိုပို့ပေးသော ဆုတောင်းချက်ကို ရဟန်းမင်းကြီးဖရန်စစ်ကသင်ကြားပေးပါသည်။

### အကြွင်းမဲ့ယုံကြည်ခြင်း

ကျွန်ုပ်တို့သည် ခမည်းတော်ဘုရားကို ဆုတောင်းသောအခါ အကြွင်းမဲ့ ယုံကြည်ခြင်း ဖြင့်တောင်းလျှောက် ကြပါသည်။ ရဲရဲ တင်းတင်းနှင့် မရ ရသည့်တိုင်နားပူနားဆာလုပ် တောင်းခံတတ်သည်။ ထိုသို့ မပြုလုပ်သော်လည်း ကျွန်ုပ်တို့၏ လိုအပ်ချက်ကို ခမည်းတော်ဘုရား သိနှင့်ပြီးသားဖြစ်ပါသည်။ ဤသို့ပြုခြင်းသည် သူ၏ ကယ်တင်ခြင်း လုပ်ငန်းစဉ်၌ ကျွန်ုပ်တို့ပါဝင်နေခြင်း လည်းဖြစ်သည်။

ဆုတောင်းခြင်းသည် အလုပ်လုပ်ရန်အတွက် ပထမဦးဆုံးနှင့် အရေးအပါဆုံးကိရိယာဖြစ်သည်။ နားပူနားဆာ လုပ်ခြင်းသည် ဘုရားသခင် အားနားချခြင်းမဟုတ်။ ဘုရားသခင်နှင့်အတူရပ်၍ အရေးကြီး၍ လိုအပ်သော အရာများကို အရယူရာ၌ ကျွန်ုပ်တို့၏ ယုံကြည်ခြင်း အားကောင်း လာစေရန်နှင့် စိတ်ရှည်ရန်ဖြစ်ပါသည်။ ဆုတောင်းရာ၌ ဘုရားနှင့် ကျွန်ုပ်တွဲလျှက်ဖြစ်ပြီး၊ အရေးကြီးသော ကိစ္စများအတွက် တိုက်ခိုက်ရန် လိုအပ်လာပါက အတူတကွ တိုက်ခိုက်မည်။

### သန့် ရှင်းသောဝိညာဉ်တော်

အလွန် အရေးကြီး သော်လည်း ကျွန်ုပ်တို့ သတိရခဲသောသူမှာ သန့်ရှင်းသောဝိညာဉ်တော်ဘုရား ဖြစ်သည်။ သင်တို့သည် ဆိုးညစ်ကြပါလျှက် သင်တို့၏ သားသမီးများကို ကောင်းမွန်ရာကို ပေးတတ်ပါလျှင်၊ ကောင်းကင်ဘုံက ဘုရားသခင်သည် သန့်ရှင်းသော ဝိညာဉ်တော်ကို တောင်းခံသူတို့အား ပို၍ပင်ပေးလိမ့်မည်။ သန့်ရှင်းသောဝိညာဉ် ဘုရားကျွန်ုပ်တို့ အပေါ် ဆင်းရန် တောင်းလျှောက်ကြရမည်။ ယခု တစ်ပတ်အတွင်း၌ "သန့်ရှင်းသောဝိညာဉ်တော်ကို တပည့်တော်တို့အား ပေးသနားပါ" ဟု ဆုတောင်းသည် အဘယ်မျှလောက် လှပပေမည်နည်း။

အမိ မယ်တော် မာရီးယာ အထက်က ဆိုခဲ့သော အချက်ကို သူ၏ တည်ရှိနေခြင်းဖြင့် ပြသခဲ့သည်။ သူသည် ဘုရားသခင်၏ ဝိညာဉ်တော် လမ်းညွှန်မှုကို လုံးဝခံယူခဲ့သည်။

ယေရှုးသခင်နှင့် ပေါင်းစပ်၍ ခမည်းတော်ဘုရားထံ တောင်းလျှောက်ရန်၊ လောကသားကဲ့သို့ နေထိုင်ရန်မသင့်။ သို့သော် သန့်ရှင်းသော ဝိညာဉ်တော် ဘုရား၏ လမ်းညွှန်မှုအတိုင်းဧဝံဂေလိတရားတော်ကို အခြေခံရမည် ဖြစ်ကြောင်း မယ်တော်က သင်ကြားပေးပါသည်ဟု ရဟန်းမင်းကြီး ဖရန်စစ်က သင်ကြားခဲ့ပါသည်။

ဖိုးစပ်စု

# ယူဂန်ဒါနိုင်ငံတွင် ကက်သလစ် ဘုန်းတော်ကြီးတစ်ပါး အသတ်ခံရ

ဇူလိုင်လ (၃) ရက်နေ့ က ယူဂမ်ဒါ နိုင်ငံတွင် ကက်သလစ် ဘုန်းတော်ကြီး တစ်ပါး အသတ်ခံခဲ့ရသည်။ အသတ်ခံ ရသော ဘုန်းတော်ကြီးမှာ ဖာသာရ်နောဘက် မောနူအဲလ် မူဂါရူရာ ဖြစ်သည်။

အသတ်ခံခဲ့ရသော ဘုန်း တော်ကြီး သည် ဘုရားသခင်၏ အစေခံကောင်း တစ် ပါးဖြစ်သည်ဟု ဘ၀တူ ဘာရာသာရ် ချားလ်စ် ဒိုမီနီ KAGOYE က မှတ်ချက်ပြုပါသည်။ လူသတ်မှုကိုကျူးလွန်သူမှာ တက္က သိုလ် ကျောင်းသားတစ်ဦးဖြစ်သော ရောဘတ် အာဆီမွေ ဖြစ်ကြောင်း FIDES သတင်း ဌာနကပြောပါသည်။ အသတ်ခံရသော ဘုန်းတော်ကြီးသည် ယူဂမ်ဒါ နိုင်ငံ၏ ဓမ္မ အာဇာနည်တစ်ပါးဖြစ်သော ရှင်ချားလ်စ် လွန်းဂါ သူတော်စင်အသင်း၏ အမြင့်ဆုံးရာထူး ကို ထမ်းဆောင်နေ သော ဘာသာရ် တစ်ပါးဖြစ်သည်။

ဤအသင်းကို ၁၉၂၇ ခုနှစ် တွင် တည် ထောင်ခဲ့သည်။ သူသည် ဤ အသင်း၏ အကြီးဆုံး အကြီးအကဲအဖြစ် အမှုတော် ထမ်းဆောင်ရန် ယခုနှစ် ဇန္နာ၀ါရီလ (၂၇) ရက် နေ့ တွင်ရွေးချယ်တင်မြောက်ခံခဲ့ရသည်။

သူ့ အား ၁၉၇၂ ခု ဒီဇင်ဘာလ၊ ၂၈ ရက်နေ့၊ ဘူရန်ဂျာရွာ၊ NYAKIBAARE သာသနာ အုပ်စု၊ ဂါဘာလေ သာသနာတွင် မွေးဖွားခဲ့သည်။ သူသည် ၁၉၉၅ ခု ဇန္နာ၀ါရီလ၊ ၆ ရက်နေ့တွင်ရာသက်ပန် သစ္စာကို ပြုခဲ့သူလည်းဖြစ်သည်။ ဘာသာရ်ဟု သုံးနှုန်းသော်လည်း ၄င်းတို့သည် ဘုန်းတော်ကြီးများ၊ ရာသက်ပန် ဘာရာသာရ်များပါ၀င်သော သူတော်စင် အသင်းဖြစ်ပြီး၊ အသင်း သားများကိုဘာသာရ်ဟု သုံးနှုန်း ရခြင်းမှာ တစ်လေ့ထဲစီး၊ တစ်ခရီးထဲသွား ညီအစ်ကိုများဟု ရည်ညွှန်းလိုခြင်းဖြစ်သည်။



ကလေပိုက်

# ကျီးလန့် စာ စား ဘ၀ဖြစ်နေရသော မွတ်စလင်နိုင်ငံများမှ ခရစ်ယာန်များ

ပါကစ္စတန် နိုင်ငံရှိ အစိုးရကျောင်းများ၌ တက်ရောက်နေသော ခရစ်ယာန်များသည် ရန်လိုမှု၊ ရန် ဆောင်မှုများကို မကြာခဏခံကြရပြီး၊ ကျောင်းပြင်ပ အချိန်များတွင်လည်း အနိုင်ကျင့် စော်ကားမှုများကို ခံနေကြရသော မြေဇာပင်များဖြစ်နေကြသည်။

ဟာရွှန်း အီဖန် ဟုခေါ်သော (၁၄) နှစ်သား ကောင်လေးသည် ကက်သလစ် ဘာသာ၀င်တစ်ဦး ဖြစ်သည်။ သူကြုံတွေ့ခဲ့ရသော အခြေအနေဆိုးကြီးကို ဘာသာရေး အခြေခံသော ကရုဏာရေးလုပ်ငန်း လုပ်နေသော "လိုအပ်နေသော သာသနာတော်" (the Church in Need) သို့ သူ၏ ခါးသီးသော အတွေ့အကြုံကို ဤသို့ ရှင်းပြခဲ့သည်။

## သူကြိုက်နှစ်သက်သောအားကစား

သူသည် ခရစ်ကက် အားကစားကို အလွန်နှစ်သက်သူဖြစ်သည်။ ခရစ်ကက်သည် သူသာမဟုတ်။ ပါကစ္စတန် တစ်နိုင်ငံလုံးနီးပါး နှစ်ခြိုက်သော အားကစား တစ်မျိုးဖြစ်သည်။ သူ၏သူငယ်ချစ်များနှင့်ကစားလေ့ရှိသည်။ သို့သော် နောက်ပိုင်း သူကျောင်းမသွားတော့ပေ။ အဘယ်ကြောင့်ဆိုသော် သူသည် ခရစ်ယာန်တစ်ဦးဖြစ် နေပြီး၊ အတန်းထဲရှိ မွတ်စလင်ကောင်လေးများ၏ အကြမ်းဖက် ဆက်ဆံခြင်းကိုခံခဲ့ရသည်။

သူ့အား ညစ်ပတ်သည်။ ထို့ကြောင့် ကျောင်းမတက်သင့်ကြောင်း၊ ခရူးစူး အမှတ်အသားများကို မရှိမသေပြုလုပ်၍လည်း သူ့ အားလှောင်ပြောင် ကြ ကြောင်း၊ တစ်ခါ တစ်ရံ၌ ကြမ်းပြင်ပေါ်တွင်လက်ဝါးကပ်တိုင်ပုံများကို ရေးခြစ်ပြီးလျှင် ခြေများဖြင့်တက်နင်းပြကြောင်း၊ သူသည် တစ်ဦးတည်းဖြစ်သောကြောင့် အဘယ်သို့မျှ မဟန့်တားနိုင်၊ ပြန်မခုခံနိုင်ကြောင်း၊ သူလုပ်နိုင်သည်မှာ ကျောင်းတာ၀န်ခံထံ (သို့) ဆရာ၊ ဆရာမထံသွား၍ အကျိုးအကြောင်းတိုင်ကြားရုံသာရှိကြောင်း၊ ဘာသာခြားများ သူ့အား အဘယ်သို့ အနိုင် ကျင့်စေကာမူ လက်တုန့် မပြန်ရန်၊ လက်တုန့်ပြန်လျှင် ကျောင်းမှ ထုတ်ပစ်ခံရလိမ့်မည်ဟု ဆုံးမထားသောကြောင့် ပြုသမျှကို ငုံ့ခံနေခဲ့ရသည်။

## သေမင်း၏ခံတွင်းမှလွတ်မြောက်ခဲ့ပုံများ

ကျောင်း၀င်းပြင်ပ၌ သူသည်အပ်ကြောင်းထပ်နေသော အကြမ်းဖက်မှု၏ ဓားစာခံဖြစ်နေရသည်။ တစ်နေ့ဈေးမှ အိမ်သို့ သူပြန်နေစဉ် မွတ်စလင် ကောင်လေး တစ်အုပ် သူ့ နောက်သို့လိုက်လာသည်။ သူ့ကိုမှီလာသောအခါ မြေပေါ် သို့ တွန်းလဲကာ ဓားဖြင့်ထိုးပါတော့သည်။ ထို ဓားချက်များကြောင့် သူသည်သွေးအိုင်ထဲလူးလိမ့်နေချိန် ဘေးပတ်၀န်းကျင်ရှိ လူများကလာ၍ သူ့အားထူမကာ အိမ်သို့ပြန်ပို့ပေးခဲ့သည်။

အိမ်သို့ အရောက်တွင် မိဘများက ဆေးရုံပို့လိုက်ကြသည်။ ဆေးရုံသို့ ရေ ာက်သောအခါ ကျောက်ကပ် အက်ကွဲသည့် ဒဏ်ကြောင့် ကျောက်ကပ်ခွဲ ထုတ်ခဲ့ရသည်။

နောက်တစ်ကြိမ် ကြုံခဲ့သော အဖြစ် အပျက်ကား သေနတ်တစ်လက်ပါသော ကောင်လေးသုံးဦး၏ ခြုံခိုတိုက်ခိုက်ခြင်း ကို ခံခဲ့ရသည်။ ၄င်းတို့သည် သူ့အားပြန်ပေးဆွဲရန်အကြံရှိသည်။ ကံကောင်း ထောက်မ၍ ဘေး၌ ရှိနေသော အမျိုးသ မီးကြီးတစ်ဦး၏ ၀င်ရောက်ဟန့်တားခဲ့မှုကြောင့် ထို ကောင်လေးသုံးဦးသည် ထွက်ပြေးသွားခဲ့သည်။

## မွေးရပ်မြေကိုချစ်ပါသည် ...

လူတိုင်းသည် မိမိ၏ ဇာတိချက်ကြွေ မြေးရပ်မြေကို ချစ်ကြသည်။ ထို့ အတူ သူသည်လည်း သူ၏ ဇာတိချက်ကြွေမြေကို ချစ်သည်။ အမိနိုင်ငံကို ချစ်သောကြောင့်လည်း ကျောက်ကပ်ခွဲထုတ်ခဲ့ခြင်း မပြုခဲ့ပါက သူသည် စစ်မှုထမ်းခွင့်ရှိသော အသက်အရွယ်ရောက်လျှင် စစ်ထဲ၀င်ရန်စိတ် ပိုင်းဖြတ်ထားခဲ့သည်။ သို့ သော် ထိုအကြီးစားခွဲစိပ်ကုသမှုကြောင့်စစ်မှုထမ်းရန်မဖြစ်နိုင်တော့ပေ။ သူ့အတွက် ပါကစ္စတန်နိုင်ငံတွင် ဆက်လက် နေထိုင်ရန်လည်း အလွန် အန္တရာယ်ကြီးသည်။ သူသည် ဘယ်တောအခါမျှ လေးလေးစားစား၊ လူရာအသွင်းခံရသည်ဟုလည်းမခံခဲ့ရပေ။ ထို့အတူ ဘုရားရှိခိုးရာတွင်လည်း ကြည်ညိုခြင်းဖြင့် လွတ်လပ်စွာ ၀တ်ပြုခွင့်မရခဲ့ရ။ သူ၏ ကျောင်းသင်ခန်းစာထဲ၌ ယေရှုးခရစ္စတူးသည် ဘုရားသခင်၏ သားတော်မဟုတ်။ ခရစ်ယာန်များသည် ဆင်းတု၊ ရုပ်တုများကိုကိုးကွယ်နေကြသည်၊ အတွင်းစိတ် ငြိမ်းအေးမှုမရှိ။ ထို့အတူ ဘာသာ အချင်းချင်းကြား သီးခံမှုကိုလည်း မမျှော်လင့်နိုင်ပေ။

## ဘုရားသခင်၌ ဆက်လက်ယုံကြည် မျှော်လင့်နေဆဲ

ဤသို့သော စိန်ခေါ်ချက်၊ စုံစမ်းမှုများဖြင့် ခရစ်ယာန်ဘ၀ကို ရှုန်းကန်ရပ်တည်နေရသော်လည်း ကိုယ်တော်ရှင်သည် သူ့ အားအသက် ဘေးမှ ကင်းစွာဆက်လက်ကာကွယ်ပေးလျှက်ရှိသည်ဟု ယုံကြည်နေသည်။ သူဆေးရုံတက်ရောက်၍ဆေးကုသခံယူနေစဉ်က အိမ်မက်၌ ယေရှုးသခင်ကို ဖူးတွေ့ လိုက်ရကြောင်း၊ ကိုယ်တော်သည် သူနှင့်အတူ တွဲလျှောက်လျှက် ရှိကြောင်း၊ လက်ရှိ အခြေအနေ၌ နာကျင်ခံစားနေရသော် လည်း ဆုတောင်းခြင်း ပြုလိုက်သည့်အခါ ခံစားနေရသော နာကျင်မှုဝေဒနာများ ဘာမျှ မဟုတ်သည့်နယ်သက်သာ လျော့ပေါ့သွားသည်ကိုခံစားခဲ့ရ သည်။

သူ၏ အမှောင်ဆုံး အချိန်၌ပင် ကိုယ်တော်သည်သူ၏အလင်းဖြစ်သည်။ သူ မည်သည့်အခြေအနေဖြစ်စေ ကိုယ်တော်သည် သူ့ အားစွန့်ပစ်မည် မဟုတ်။ မိသားစုသည်သူ့ကြောင့် အခက်အခဲများစွာကြုံတွေ့ရသော်လည်း စိတ်မပျက်ဘဲ ဆက်လက်ကူညီ ထောက်ပံ့ နေသေးသည့် အတွက်လည်း ကျေးဇူးတင်ကြောင်း၊ အထူးသဖြင့် သူ၏မိခင်အား အထူးကျေးဇူးတင်ကြောင်း၊ ၄င်းတို့ သည် သူနှင့်အတူ မားမားမတ်မတ်ရပ်တည် ပေးနေခဲ့ကြောင်း၊ ထို့ အတူ သူလည်းမိသားစုအတွက် ရပ်တည်ပေးမည်ဖြစ်သည်။



## ဤအခြေအနေကို အနောက်နိုင်ငံ၏ အကူအညီဖြင့်ဟန့် တားစေလို

လက်ရှိ ခရစ်ယာန်များ ကြုံတွေ့နေ ရ သော ဘာသာရေး အကြမ်းဖက်မှုများ၊ လွတ်လပ်စွာ ကိုးကွယ်၀တ်ပြုခွင့်များ ဆုံးရှုံးနေရသည့် အခြေအနေနှင့်ပတ်သက်၍ အနောက်နိုင်ငံများ အဘယ်သို့ ကူညီ နိုင်မည်မသိကြောင်း၊ ကူညီနိုင်ပါက ဤပဋိပက္ခများကို အမြန်ဆုံး အဆုံးသတ်စေလိုကြောင်း၊ အနောက်နိုင်ငံမှ ညီအစ်ကိုမောင်နှမများအား မေတ္တာရပ်ခံလိုသည်မှာ ကမ္ဘာနှင့်အ၀ှမ်း၌ မိမိတို့၏ ယုံကြည်ခြင်းအတွက်ညှဉ်းပမ်း နှိပ်စက်ခံနေကြရသော ခရစ်ယာန်များအား ကူညီပံ့ပိုး ပေးကြပါ။ ခရစ် ယာန်များသည် သမ္မာကျမ်းစာတော်လာသည့် လမ်းစဉ်အတိုင်း နေလိုပါသည်။ လုံခြုံစိတ်ချစွာလည်းရှင်သန်လိုပါသည်ဟု (The Church in need) ၏ မေးမြန်း တွေ့ဆုံချက်တွင် ဖြေကြားခဲ့သည်။ (CNA)

ဖိုးစပ်စု

## ဘုန်းကြီးဖြစ်လိုကြောင်း ဆုပန်ခဲ့သူ ဘူတန်နိုင်ငံသားလေး

ပညာရှိနှင့် စကားတစ်ထိုင်ပြောခြင်းသည် တစ်ရာစုကိုမှီလိုက် သည်နှင့်ညီမျှသည်ဟုအဆိုရှိသည်။ ရဟန္တာတစ်ပါးနှင့် စကားပြောလိုက် ရခြင်းသည်ဘဝတစ်ခုလုံးပင် ပြောင်းခဲ့သူ ရှိသည်။ သူသည် ဘူတန်နိုင် ငံသားတစ်ဦးဖြစ်သည်။

သူ၏နိုင်ငံသည် ကက်သလစ် ဘာသာဝင်ဖြစ်လာသူ အလွန်ရှားပါးသော နိုင်ငံတစ်ခုလည်း ဖြစ်သည်။ သူသည်ဘုန်း ကြီးဖြစ်လာနိုင်မည်၊ ဖြစ်မလာနိုင်မည်ကို ရှင်းလင်းစွာသိရှိလို၍ဘုရား သခင်ထံ အမှတ်လက္ခဏာတစ်ခုကို တောင်းခံခဲ့သည်။ သူ၏တောင်းခံချက်ကို ဘုရားသခင်သည် ပြန်လည်ဖြေကြားပေးခဲ့သည်။ တိုက်ရိုက် အသံပြု၍ သော်လည်းကောင်း၊ ရေးပန်းစားဆိုနေကြသောရုပ်ပုံဖြင့် လည်းမဟုတ်။ သူပြုရန် ရှိသော ခရီးစဉ်၏ လေယာဉ် ထိုင်ခုံဘေးကပ်လျက်တွင် မာသာရီထရေးဇာ (ထိုစဉ်က ရဟန္တာ မဖြစ်သေးပေ) နှင့် ထိုင်ခွင့်ရလိုက်ခြင်းဖြစ်သည်။ မာသာရီ ထရေးဇာ နှင့် ထိုခရီးစဉ် တလျှောက် စကားစမြည်ပြောဆိုခဲ့ခြင်းမှ သော်လည်းကောင်း၊ သူ ပန်ခဲ့သောဆု သည်လည်း ပြည့်ခဲ့သော ကြောင့် သော်လည်းကောင်း၊ ၁၉၉၅ ခုနှစ်တွင် ဂျက်ဆွိစ် အသင်းဝင်အဖြစ် ခံယူကာ ဘူတန်နိုင်ငံဖွား ပထမဦးဆုံးသော ဂျက်ဆွိစ် ဘုန်းတော်ကြီးဖြစ်လာခဲ့သည်။

### ဘူတန်နိုင်ငံ၏သမိုင်းအကျဉ်း

ဘူတန်နိုင်ငံသည် ကုန်းပတ်လည်ဝန်းရံထားသော နိုင်ငံဖြစ်ပြီး၊ နယ်နိမိတ်ခြင်းထိစပ်သော အိမ်နီးချင်းနိုင်ငံများ မှာ အိန္ဒိယနှင့် တရုတ် နိုင်ငံတို့ ဖြစ်သည်။ နိုင်ငံ၏လူဦးရေမှာ ရှစ်သိန်း (၈၀၀၀၀၀) သာရှိသည်။ နိုင်ငံ့လူ ဦးရေ၏ လေးပုံ သုံးပုံမှာ ဗုဒ္ဓ ဘာသာဝင်များဖြစ်ပြီး၊ ကျန်သော လူ





ရဟန္တာနှင့်စားချင်းယှဉ်ထိုင်ခဲ့ရာမှရဟန်းတစ်ပါးဖြစ်လာခဲ့သူလေး

ဦးရေများ အနက် ဟိန္ဒူ၊ ခရစ်ယာန် ဘာသာဝင်များဖြစ်သည်။

သူသည်လည်း ကက်သလစ် မိသားစုမှ မဟုတ်။ ဗုဒ္ဓဘာသာကို အလွန်ကိုင်းရှိုင်းသော မိသားစုမှဖြစ်ပြီး၊ ငယ်စဉ်တောင်ကျေးဘဝမှစ၍ မိဘတို့သည် ဘုရားကျောင်းကန်များသို့ ခေါ်သွားလေ့ရှိသည်။ ကိုရင်အဖြစ် သင်္ကန်းလည်း စည်းပေးခဲ့သည်။ သို့သော် သူတက်ရောက် ပညာသင်ယူခဲ့သောကျောင်းမှာ ကက်သလစ် ပညာရေးကျောင်း ဖြစ်သည်။ ငယ်စဉ် ကာလမှစ၍သူ၏ ဦးနှောက်ထဲတွင် ရိုက်သွင်း ထားသောအသိတစ်ခုမှာ ဘူတန်တွင် ပညာရေးကောင်းသော ကျောင်းများများစားစား မရှိဆိုသည့် အချက်ပင်။ ထို့ကြောင့် သူ၏ မိသားစုသည် သူ့အား အိန္ဒိနိုင်ငံ ဒါဂျီလင်မြို့၌ ဖွင့်လှစ်ထားသော ကက်သလစ် စာသင် ကျောင်းတွင် ကျောင်းအိပ်ကျောင်းစား ထား ခဲ့သည်။

### ဂျက်ဆွိစ်ဘုန်းတော်ကြီးများနှင့် အနေနီးခဲ့ရသည့်အကြောင်းအရင်း

သူသည် ဂျက်ဆွိစ် ဘုန်းတော်ကြီးများ ဖွင့်လှစ်ထားသော ကျောင်းသို့ မတက်ရောက်မီ စိန့်ဂျိုးဇက် သီလရှင်များဦး စီး ဖွင့်လှစ်ထားသော ကျောင်းတွင် သင်ယူ ခဲ့သည်။ ကိုးတန်းနှစ်၌ သူသည် ကက်သလစ် တစ်ဦးအဖြစ် ဆေးကြောခြင်း မင်္ဂလာကို ခံယူခဲ့သည်။

ထိုမှသည် အိန္ဒိယ နိုင်ငံ၊ ဘန်ဂလို ၌ ဂျက်ဆွိစ် ဘုန်းတော်ကြီးများ ဖွင့်လစ်ထားသော စိန့်ဂျိုးဇက် ကောလိပ်သို့ လည်းကောင်း၊ မွမ်ဘိုင်းမြို့ရှိ စိန့်ဇေးဗီးယား ကောလိပ်၌လည်းကောင်း တက်ရောက်ခဲ့သည်။ ၎င်းနောက် ဘန်ဂလို ၌ စီးပွားရေး ဘာသာရပ်ဖြင့်ဘွဲ့ရခဲ့သည်။ ဘွဲ့ရပြီးနောက် စက်မှုဖိုတွင် အသက်မွေးဝမ်းကျောင်းပြုနေခဲ့သည်။

သို့သော် သူ၏အသက်မွေး ပညာသည် သူ့အား စိတ်ကျေနပ်မှုကို မပေး။ ကက်သလစ် ရဟန်းတစ်ပါး ဖြစ်လာရေးသာ သူ၏ အတွင်းစိတ်၌ စေ့ဆော်မှုကိုခံနေရသည်။ ကက်သလစ် ရဟန်းဖြစ်နိုင်၊ မဖြစ်နိုင်သည်ကို သိလို၍ သူသည်လည်း အချိန်ယူ ဆုတောင်းခဲ့ပြီး ထင်ရှားသော နိမိတ်များကိုလည်း တောင်းခံခဲ့သည်။

### ထူးခြားသောသူ့ ဆုတောင်း

သူ၏ဆုတောင်းချက်သည် ၁၉၈၅ ခုနှစ်၌ မထင်မှတ် ဘဲပြည့်လာခဲ့သည်။ သူသည် Hyderabad မှ ကာလ်ကတ္တားသို့ လေကြောင်း ဖြင့် သွားခဲ့သည်။ သူထိုင်နေသော ခုံဘေး၌ အမျိုးသမီးကြီးတစ်ဦး ထိုင်ကာ ဆုတောင်းနေသည်ကို သတိထားလိုက်မိသည်။ (ထိုစဉ်ကမာသာရီ ထရေးဇာဟု လူသိမများလှသေးသော အချိန်လည်း ဖြစ်နိုင်သည်။) ဤ အမျိုးသမီးသည် မာသာရီ ထရေးဇာမှလွဲ၍ အခြားအဘယ် သူမျှ မဖြစ်နိုင် ဟု လည်းကြိတ်၍ တွေးနေမိသည်။ ခဏအကြာတွင်ဆုတောင်းခြင်းကို ခေတ္တရပ်လိုက်၍ မာသာရီထရေးဇာ ကပင်စ၍ သူ အဘယ်သူဖြစ်သည်ကို မေးမြန်းကြောင်း၊ ထိုမှသည် စကားတပြောပြော တသောသောနှင့် ဖြစ်နေခဲ့သည်။ ထိုစကားပြောခွင့်ရသောအချိန်တွင်မသေချာမရေရာဖြစ် နေသော သူ၏ ခေါ်တော်မူခြင်းသည်လည်း သူ၏ အားပေးစေ့ဆော်မှု ကြောင့် အသင့်ရှိပါသည်ဟု ဖြေကြားရန်အင်အားများပြည့်ဝလာခဲ့သည်။

မာသာရီထရေးဇာနှင့် ဆုံဆည်းခွင့်သည် အမှတ်တမဲ့ဆုံဆည်းခြင်းမဟုတ်။ သူ၏ ဘဝတစ်ခုလုံးကို ပြောင်းလဲရန် ဘုရားသခင်စီစဉ် ပေးခြင်းဖြစ်သည်။ သူသည် (၁၉၈၆ခု ဖွန်လ ၂၁) ရက်နေ့၌ အိန္ဒိယနိုင်ငံ၊ ဒါဂျီလင် မြို့၌ ဂျက်ဆွိ ဘုန်းတော်ကြီး တစ်ပါးဖြစ် လာရန်စတင်ခဲ့ပါတော့သည်။

သူ့ဘဝ၌ မာသာရီထရေးဇာနှင့် (၁၉၉၅ ခု အောက်တိုဘာလ) တွင် ဒုတိယတစ်ကြိမ် ပြန်လည်ဆုံခွင့်ရခဲ့ပြန်ရာ ထို အချိန်သည်လောလော လတ်လတ် ရဟန်းသိက္ခာ ခံယူပြီး သောအချိန် ဖြစ်ရာ မာသာရီ ထရေးဇာလည်း အလွန် ပျော်ရွှင်သွားခဲ့ကြောင်း၊ မာသာရီထရေးဇာသည်လည်း ဆုတောင်းပေးနေခဲ့ကြောင်းပြောပါသည်။

### ရဟန်းဘဝဖြင့်အမှုတော် ထမ်းခဲ့သည့်မှတ်တမ်း

ဘုန်းတော်ကြီးသည် (၃၃) နှစ်ကြာ ဒါဂျီလင် မြို့ရှိ သူပညာ သင်ကြားခဲ့ရာကောလိပ်၌ကျောင်းတာဝန်ခံ အ ဖြစ်နေစဉ်ကျောင်း နှစ်ကျောင်း၏ကျောင်းအုပ်အဖြစ်လည်းအမှုတော်ဆောင်ခဲ့သည်။ ထို့နောက် သူသည် ဒါဂျီလင် ခရိုင်၏ ဂျက်ဆွိစ် အကြီးအကဲအဖြစ် ရွေး ချယ်တင်မြှောက် ခံခဲ့ရသည်။ သူသည် စီးပွားရေးဘာသာ ရပ်ဖြင့် ဘွဲ့ရခဲ့သည့်အပြင်၊ အလုပ်အတွေ့ အကြုံ လည်း ရှိခဲ့သောကြောင့် စီးပွားရေးဘာသာရပ်ကိုလည်း သင်ကြားပေးသည်။

သို့သော် နောက်ပိုင်း၌ အပြင် အသင်းကို ရပ်နားပြီး၊ ဘာသာရေး အသင်းမှ ဦးစီးလုပ်ဆောင်ရန် ဆုံးဖြတ်ချက်များ ကိုသာ ဦးစိုက်လုပ်ဆောင်ခဲ့သည်။

ထို့နောက်သူသည် သူ၏ အမိမြေသို့ ပြန်သွားပြီး၊ ဒေသခံ ဘာသာသူ အနည်းငယ်အား တနင်္ဂနွေနေ့၌ မစ္ဆားပူဇော် ပေးလျက်ရှိသည်။ ဘူတန်လူမျိုး စစ်စစ် ကက်သလစ်ဘာသာသို့ ပြောင်းလဲခံယူခဲ့သည်ဟု မကြားမိသေးဘဲ၊ နေပယ် သွေးနှောသော ဘူတန် ကက်သလစ် အနည်း ငယ်ရှိသည်ဟုဆိုသည်။ လေးဆက်မြောက် ဘူတန်ဘုရင်သည် ဘာသာရေး လွတ် လပ်ခွင့်ကိုလည်း ပေးထားကြောင်း၊ အခြားသော ခရစ်ယာန် အသင်းကွဲများကို နိုင်ငံတော်အနေဖြင့် မူရင်းဘာသာ အဖြစ်အသိအမှတ် မပြုထားကြောင်း၊ သို့သော် အစွန်းရောက် ခရစ်ယာန်များအနေဖြင့် မလိုလားအပ်သော ဘာသာရေး မငြိမ်မသက်မှု၊ အလွဲသုံးစားမှုများကြောင့် သာသနာပြုခြင်း လုပ်ငန်းစဉ်၌ အဟန့်အတား များဖြစ် လာနိုင်သည် ကိုစိုးရိမ်ရ ကြောင်းပြောကြားခဲ့သည်။

သူသည် ယနေ့အချိန်ထိ တစ်ဦးတည်းသော ဘူတန်လူမျိုး စစ်စစ် ရဟန်းဖြစ်သည်။ ဘူတန်နိုင်ငံသားများက ကက်သလစ် ဘုန်းတော်ကြီးရှိသည်ကို သတိထားမိကြကြောင်း၊ သို့သော် အဘယ်သူမျှ သူ့အား မလိုလားအပ်သည် အပြောအဆို၊ သဘောထားများမရှိကြောင်း၊ သူ၏ မိသားစုလည်း အစပိုင်း၌ လက်ခံရန် အလွန် ခက်ခဲသော်လည်း ယခုအခါ လက်သင့်ခံ လာပြီဖြစ်ကြောင်း၊ မာသာရီထရေးဇာသည် ကမ္ဘာကြီးအား လည်းကောင်း၊ သူ့အားလည်းကောင်းလွှမ်းမိုးနိုင်သူ မှန်သော်လည်း အမှန်တကယ် ဝိညာဉ်ရေးလမ်းပြ တွန်းပို့ပေးသူမှာ ယေရှုသခင် ကိုယ်တော်တိုင်ပင်ဖြစ်သည်။ အခြားသော သူများသည် လူသားများဖြစ်သည်ဟု ဆိုခဲ့သူမှာ ပထမဦးဆုံးသောဘူတန်လူမျိုး ဂျက်ဆွိစ် ဘုန်းကြီး Tshering တရှဲရင်း ပင် ဖြစ်ပါသည်။

ကလေပိုက်

**ငါ့အတွက်ကြောင့် အသက်ကို စွန့်သောသူသည် အသက်ကို ရလိမ့်မည်**

# ထိုင်းနိုင်ငံလုံးဆိုင်ရာ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ် နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ကက်သလစ် ဆရာတော်ကြီးများအဖွဲ့ချုပ်၏ (၆) လပတ် အစည်း အဝေးကျင်းပ




Catholic Bishop Conference of Thailand (CBCT) and Catholic Bishop Conference of Myanmar (CBCM) (၆)လပတ် အစည်းအဝေးကို စိန့်သောမတ် ဘုရားကျောင်းဝင်း၊ မြဝတီမြို့တွင် ၂၀၁၉ ခုနှစ် ဇူလိုင်လ (၄) ရက်နေ့ တစ်ရက်တာ ကျင်းပပြုလုပ်ခဲ့သည်။

တစ်ရက်တာ အစည်းအဝေးတွင် CBCT ကိုယ်စားလှယ်တော်များဖြစ်ကြသော Bishop Joseph Pibul (Bishop of Nakasawa Diocese, Thailand) နှင့်အဖွဲ့များ၊ COERR, National Catholic Commissioner for Migrants (NCCM)နှင့် CBCM ကိုယ်စားလှယ် Bishop John HsaneHgyi, Bishop Raymond Po Ray, Bishop Justin Saw Min Thide, Bishop John Saw Yaw Han, KMSS Myanmar ကိုယ်စားလှယ် Fr Henry EiKhlein များတက်ရောက် ပါဝင်ခဲ့ကြသည်။

ထိုင်းနိုင်ငံတွင် ရွှေ့ပြောင်းအလုပ်သမားများ ဝိညာဉ်ရေး၊ လူမှုရေးအတွက် တာဝန်ထမ်းဆောင်နေသော Fr Joachim Saw Dee De, Fr Justin Aung Lwin, Fr James Thein Aung, Fr Dominic တို့သည် Pastoral Activities အတွေ့အကြုံများကို ဝေငှတင်ပြ ခဲ့ကြသည်။

အစည်းအဝေးတွင် ရွှေ့ပြောင်းအလုပ်သမားများအတွက် ဝိညာဉ်ရေး၊ လူမှုရေးများ ကြည့်ရှုကူညီပေးရန် သဘောတူ ပူပေါင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ပါဝင်ပူးပေါင်းရာတွင် အထူးသဖြင့် လွိုင်ကော်သာသနာ၊ ဘားအံသာသနာနှင့် မော်လမြိုင်သာသနာတို့ အတူပါဝင်လုပ်ဆောင်သွားမည်ဖြစ်သည်။

အစည်းအဝေး၏ ရည်ရွက်ချက် ဆောင်ပုဒ်သည် တမန်တော်ဝတ္ထု ၂း၄၂-၄၇ ဖြစ်သည်။ အတူတကွ နေထိုင်လုပ်ဆောင်ခြင်းသည်ဖြစ်သည်။ လိုအပ်နေသူများကို ကူညီ ထောက်ပခြင်းအားဖြင့် ကောင်းမွန်သော အဖွဲ့အစည်းကို တည်ဆောက်ရန်နှင့် တမန်တော်ကြီးခေတ်တွင် ရှိနေသောခရစ်ယာန်များ၏ အသက်တာကို အတုယူပြီး အတူလုပ်ဆောင်ရန် Bishop Joseph Pibul က တိုက်တွန်းပြောကြားခဲ့သည်။

Fr Augustine Shwe
(Mawlamyine – OSC)

# မြန်မာနိုင်ငံ လုံးဆိုင်ရာ ကက်သလစ် လူငယ် ညီလာခံကြီးအတွက်ပြင်ဆင်

မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ် ကော်မရှင်မှ တာဝန်ခံ ဘုန်းတော်ကြီး Fr Joseph Er Khaw Htoo နှင့် တာဝန်ခံ လူငယ်ခေါင်းဆောင်များသည် မြန်မာနိုင်ငံလုံးဆိုင်ရာ ကက်သလစ် လူငယ် ညီလာခံကြီးအတွက် ရန်ကုန်ကက်သလစ် ဂိုဏ်းချုပ် သာသနာပိုင် "ဆရာတော်ကြီး Cardinal Charles Bo "လက်ထောက် ဆရာတော်ကြီး John Saw Yaw Hanတို့နှင့် တွေ့ဆုံကာ လူငယ် ညီလာခံကြီးအတွက် အသေးစိတ် ဆွေးနွေးတိုင်ပင်ခဲ့ကြပါသည်။

ဆရာတော် ဘုရားများမှ လူငယ် ညီလာခံကြီးအတွက် အားပေးထောက်ခံပြီး ပြင်ဆင်မှုများအတွက်လည်း အားရကျေနပ်လျှက်ရှိကာ လိုအပ်သည်များကိုလည်း လမ်းညွှန် ဆွေးနွေးပြီး လူငယ်များသည်လည်း သာသနာတော်အတွက် အရေးကြီးကြောင်း မှတ်ချက်ပြုပြောဆိုကာ ညီလာခံကြီးတွင်လည်း ဆရာတော်ဘုရားများ ကိုယ်တိုင် လာရောက် ပါဝင်ပေးမည်ဖြစ်ကြောင်းလည်း မိန့်ကြားတော်မူလိုက်ပါသည်။

လူငယ် ညီလာခံကြီးအား သာသနာ (၁၆) ခုမှ လူငယ်ကိုယ်စားလှယ်များနှင့် နိုဝင်ဘာလ ၂၆ မှ ၃၀ ရက် နေ့ထိ ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

လူငယ်များနှင့် ဘာသာတူများလည်း ညီလာခံကြီး ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းဆုတောင်းပြီး အကြံဉာဏ်များပေးကာ ပံ့ပိုးကြဖို့ ဖိတ်ခေါ်အပ်ပါသည်။

NCYC



# လားရှိုးသာသနာလုံးဆိုင်ရာ ဗဟိုလူငယ်အကျိုးဆောင်အဖွဲ့ ရွေးကောက်ဖွဲ့စည်း

၁၀.၇.၂၀၁၉ ရက်နေ့၊ ညနေ ၆း၃၀ နာရီမှ ည ၉း၀၀ နာရီ အထိ စိန့်ထရေဇာ့ခန်းမတွင် လားရှိုးသာသနာလုံးဆိုင်ရာ ဗဟိုလူငယ်အကျိုးဆောင်အဖွဲ့ကို ပြန်လည်ရွေးချယ် ဖွဲ့စည်းခဲ့ပါသည်။ ဗဟိုလူငယ်အကျိုးဆောင်ရွေးကောက် ပွဲတွင် လားရှိုးတိုက်နယ်ကျောင်း ဖာသာရ်ဂျော့လရိန်၊ ဖာသာရ်ဘီးနီ၊ ဖာသာရ်ဂျွန်လွမ်ထွန်းအောင်၊ ဖာသာရ်ဂျွန်ပေါလ်၊ ဖာသာရ်ရှိမ်းစ်ဘရန်ဂျာတို့နှင့်အတူ ဗဟိုသာသနာ့ အကျိုးတော်ဆောင်များ၊ လားရှိုးတိုက်နယ် လူငယ် အကျိုးတော်ဆောင်များမှ မဲပေး ရွေးချယ်ခဲ့ခြင်းဖြစ်ပါသည်။ လားရှိုးသာသနာလုံးဆိုင်ရာ လူငယ် ကော်မရှင်ရွေးချယ်ခြင်းနှင့်အတူ LUMEN MUSIC COMMITTEE ကိုလည်း တစ်ပါးတည်း ထပ်မံ ရွေးချယ် အတည်ပြုဖွဲ့စည်းခဲ့ကြပါသည်။

OSC - LSO



# ကက်သလစ် ခရစ်ယာန် အသင်းတော်၏ အနာဂတ်သည် Belgium ဘယ်လ်ဂျီယမ် နိုင်ငံ အသင်းတော် မဟုတ်၊ Burma မြန်မာနိုင်ငံ အသင်းတော် ဖြစ်သည်

## Burma, not Belgium, is the future of the Church

ခရစ်ယာန် လူဝတ်ကြောင် အရွယ်အစားနှင့် ချိတ်ဆက်၍ မည်သည့် နိုင်ငံသည် ရဟန်းအသစ်ရရှိမှု (ခေါ်တော်မူခြင်း) ပိုများသနည်း?

မှန်းဆကြည့်လျှင် ကက်သလစ် လက်တင် အမေရိကတိုက်၏ အထင်ကရ နိုင်ငံဖြစ်သော ဘရာဇီးနိုင်ငံလော?


ဒါမှမဟုတ် လျှင်မြန်စွာ ကြီးထွားနေသော အသင်းတော်ဖြစ်သည့် အာဖရိကတိုက်၏ ကွန်ဂို ပြည်သူ့ သမ္မတ နိုင်ငံလော?

ထို့တည်းမဟုတ် စဉ်ဆက်မပြတ် အားကောင်းနေသော အာရှတိုက်၏ ကက်သလစ် ဖိလစ်ပိုင် နိုင်ငံလော?

အဖြေမှာ အထက်ဖော်ပြပါ နိုင်ငံများမှ မဟုတ်ပေ။

ကက်သလစ် လူဝတ်ကြောင် ဘာသာဝင် အချိုးနှင့် ယှဉ်ထိုးကြည့်လျှင် ကက်သလစ် ရဟန်းအများဆုံး ရရှိသော နိုင်ငံမှာ အများမထင်မှတ်သည့် နိုင်ငံဖြစ်သော ယခင်က Burma ဟု လူသိများသော မြန်မာနိုင်ငံပင် ဖြစ်သည်။ ထိုအချက်အား ဂျော့ရှ်တောင်း တက္ကသိုလ် Georgetown University ၏ သာသနာအတွင်း အသုံးချ သုတေသနစင်တာ CARA (Center for Applied Research in the Apostolate) က လေ့လာတွေ့ရှိချက် အသစ်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများ လှသော်လည်း ကက်သလစ် ရဟန်း ခေါ်တော်မူခြင်းများ လာသည့် အကြောင်းရင်းကိုမူ CARA မှ သုတေသီများက မှတ်ချက်မပေးပေ။ မြန်မာနိုင်ငံတွင် ကက်သလစ် ခရစ်ယာန် ဘာသာဝင် ၇၅၀,၀၀၀ (ခုနစ်သိန်းခွဲ)သာ ရှိပြီး မြန်မာနိုင်ငံ လူဦးရေ၏ တစ်ရာခိုင်နှုန်းသာ ရှိသည်။ မြန်မာနိုင်ငံ အသင်းတော်အား လူသိများသည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်သော ကာဒီနယ် ချားစ်မောင်ဘိုက ဦးဆောင်သည်။ ကာဒီနယ် ချားစ်ဘိုတွင် ရှင်းလင်းပြတ်သားသော မျှော်မှန်းချက် အမြင်တစ်ခု ရှိသည်။ ထိုမျှော်မှန်းချက်မှာ မြန်မာနိုင်ငံတွင် လူများစု ဗုဒ္ဓဘာသာဝင်များနှင့် လူနည်းစု အုပ်စုများအကြား ကြားနေ ထိန်းညှိပေးမည့် ခွန်အားတစ်ခုအဖြစ် ရပ်တည်မည့် မြန်မာကက်သလစ်အသင်းတော်အတွက်ရှင်းလင်းပြတ်သားသော မျှော်မှန်းချက် ဖြစ်သည်။ ဖြစ်နိုင်သည့် အချက်မှာ ကာဒီနယ် ချားဘို၏ ပုံသက်သေကောင်းသည် အခြားသော မြန်မာကက်သလစ်များ၏ ဘဝသက်တာအား အသင်းတော်အတွက် ပေးအပ်မြှုပ်နှံရန် လှုံ့ဆော်နေခြင်းကြောင့် ဖြစ်နိုင်သည်။



ရန်ကုန်မြို့ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ် ချားလ်စ်ဘို





CARA ၏ လေ့လာတွေ့ရှိချက်အရ ရဟန်းနှင့် ကက်သလစ် ဘာသာဝင် သာမန်လူပုဂ္ဂိုလ်တို့အကြား အချိုးကွာဟမှု နည်းပါးသည့် နိုင်ငံတွင် မြန်မာနိုင်ငံသည် ပထမတစ် ရှေ့ပြေးပြီး ထိုင်းနိုင်ငံက ဒုတိယ၊ ယင်းနောက် အာဖရိက တိုဂိုနိုင်ငံ၊ ဗီယက်နမ်နှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံတို့က အဆင့် လိုက် ရပ်တည်နေသည်။ တနည်း အားဖြင့်ဆိုလျှင် ရဟန်း နှင့် ဘာသာဝင်တို့အကြားအချိုးနည်းပါးသည့် နိုင်ငံ များတွင် အာရှတိုက်မှ လေးနိုင်ငံနှင့် အာဖရိက တစ်နိုင်ငံ ပါဝင်သည်။

ကက်သလစ် ခရစ်ယာန် သာသနာ အကြောင်း တွေးလျှင် ကျွန်ုပ်တို့သည် ဥရောပတိုက်၊ လက်တင်(တောင်) အမေရိကတိုက်နှင့် အာဖရိကတိုက်တို့ကိုသာ တွေးလေ့ရှိပြီး အသင်းတော်အား အာရှတိုက် အခြေအနေနှင့် နှိုင်းဆတွေးတောလေ့မရှိခြင်းကြောင့် လက်ရှိ စာရင်းသည် မထင်မှတ်ပဲ ဖြစ်လာသည့် အခြေအနေဖြစ်သည်။ အာရှတိုက်တစ်ခုလုံး၏ သုံး(၃)ရာခိုင်နှုန်းသာလျှင် ကက်သလစ် ခရစ်ယာန် ဘာသာဝင်များ ဖြစ်ပြီး အာရှနိုင်ငံပေါင်း ၄၈ နိုင်ငံတွင် အာရှတိုက် ၂ နိုင်ငံသာလျှင် ကက်သလစ် လူများစုနိုင်ငံ ဖြစ်သည်။ ထိုအာရှ ၂ နိုင်ငံမှာ ဖိလစ်ပိုင်နိုင်ငံနှင့် အရှေ့တီမောနိုင်ငံတို့ ဖြစ်သည်။

သို့သော် လာမည့် ရာစုနှစ်များတွင် အခြေအနေများ ပြောင်းလဲလာနိုင်သည်။ ဖိလစ်ပိုင်နိုင်ငံ မနီလာ သာသနာနယ်၏ ကာဒီနယ်ဖြစ်သူ လူးဝစ် အန်တိုနီယို တာဂလေး Cardinal Luis Antonio Tagle of Manila က “ကက်သလစ် အသင်းတော်၏ အနာဂတ်သည် အာရှတိုက်ဖြစ်သည်” ဟု ပုပ်ဖရန်စစ်အား ပြောကြားခဲ့ဖူးသည်။ ဤလာမည့် ရာစုနှစ်ကာလများတွင် ကက်သလစ်အသင်းတော်၌ အာရှသား ပုပ်ရဟန်းမင်းကြီး တစ်ပါး ရလာနိုင်ပေသည်။ ပြီးခဲ့သည့် စနေနေ့ကပင် ကက်သလစ် ရဟန်းအသင်းဂိုဏ်းများတွင် အထင်ကရ အသင်းဂိုဏ်းဖြစ်သော ဒိုမီနီကန် အသင်း Dominican order တွင် အာရှသားအား အသင်းဂိုဏ်း၏ နှစ် ၈၀၀ သမိုင်းတွင် ပထမဆုံး အသင်းဂိုဏ်း ခေါင်းဆောင်အဖြစ် ရွေးချယ်တင်မြှောက်ခဲ့သည်။ ဒိုမီနီကန် အသင်း၏ ဖိလစ်ပိုင်လူမျိုး ခေါင်းဆောင်သစ် အမည်မှာ ဖာသာရ် Gerard Timoner ဖြစ်သည်။ ကက်သလစ် ဘာသာဝင် လူနည်းစုဖြစ်သော အိန္ဒိယနှင့် တောင်ကိုရီးယား နိုင်ငံများသည် ယနေ့ခေတ်အခါတွင် ကမ္ဘာ့အဝှမ်းသို့ သာသနာပြု ရဟန်း၊ သီလရှင်များအား စေလွှတ်နေသည်။ မဝေးလှတော့သည့် အနာဂတ်တွင် အနောက်ကမ္ဘာ၏ သာသနာနယ်များတွင် အာရှနှင့် အာဖရိကတိုက်မှ ရဟန်း၊ သီလရှင်များ ပိုမို တာဝန်ထမ်းဆောင် ထောက်ပံ့ရမည့် အခြေအနေ ဖြစ်ပေသည်။

CARA ၏ လေ့လာတွေ့ရှိချက်များတွင် နိုင်ငံများအား မည်သို့ အဆင့်သတ်မှတ်သနည်း။ ဥပမာ ယူအက်စ် အမေရိကန် ပြည်ထောင်စုကို ကြည့်လျှင် နိုင်ငံပေါင်း ၁၀၈ နိုင်ငံ စာရင်း၌ အဆင့် ၅၀ သာ ရရှိသည်။ (အင်္ဂလန်၊ ဝေလ နှင့် စကော့တလန်တို့ ပေါင်းစပ်ပါဝင်သည့်) ဂရိတ်ဗြိတိန် နိုင်ငံလည်း ၁၀၈ နိုင်ငံစာရင်းတွင် အဆင့် ၄၉ သာ ရရှိသည်။ သမားရိုးကျ ကက်သလစ် နိုင်ငံများသည် ယူကေနှင့် ယူအက်ထက်ပင် အဆင့်နိမ့်ကျနေသေးသည်။ ဥပမာ စပိန်သည်အဆင့် ၇၃၊ ဂျာမနီသည်အဆင့် ၇၅၊ အိုင်ယာလန်ကျွန်း အဆင့် ၇၈၊ အာဂျင်တီးနားသည် အဆင့် ၉၈ နှင့် ပြင်သစ်နိုင်ငံသည် အဆင့် ၉၉ တို့သာ အသီးသီး ရရှိကြသည်။ ၁၀၈ နိုင်ငံ၏ ဇယားတွင် အောက်ဆုံးပိတ် အဆင့်သာ ရှိသည့် နိုင်ငံမှာ အတိတ်တချိန် သမိုင်းတုန်းက ကက်သလစ် သာသနာ အင်မတန် အားကောင်းခဲ့သော ဘယ်ဂျီယန်နိုင်ငံ ဖြစ်သည်။

CARA သည် ထိုစာရင်းအား ပြုစုရာ၌ သတ္တရာဇ ၂၀၁၅၊ ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်များတွင် ရဟန်းသိက္ခာခံယူကြသော ရဟန်းများ အရေအတွက်ကို အခြေခံ၍ စာရင်းပြုစုခဲ့ခြင်း ဖြစ်သည်။ ထိုစာရင်းအတွက် ကက်သလစ် ဘာသာဝင် အရေအတွက် အကိုးအကားကို ဗာတီကန်က ထုတ်ပြန်သည့် နှစ်အလိုက် ကက်သလစ် သာသနာဆိုင်ရာ စာရင်း the Vatican's Annuarium Statisticum Ecclesiae မှ ထုတ်ပြန်ခြင်း ဖြစ်သည်။ စာရင်းဇယား အမှားပါတိမ်းစောင်းမှု လျော့နည်းစေရန် ရည်ရွယ်၍ CARA ၏ သုတေသီပညာရှင်များသည် စံနှုန်းအဖြစ် ကက်သလစ် လူဦးရေ တစ်သိန်း၊ ၂၀၁၅ - ၂၀၁၇ ခုနှစ်အကြား ရဟန်းသိက္ခာခံယူပွဲ ၉ ကြိမ် အနည်းဆုံးရှိခြင်း၊ လေ့လာသည့် ၃ နှစ်အတွင်း ရဟန်းသိက္ခာ ခံယူသည့် အကြိမ် တစ်ကြိမ် အနည်းဆုံးရှိခြင်း အစ ရှိသည့် စံနှုန်းသတ်မှတ်ချက်များ ချမှတ်ခဲ့သည်။ အကယ်၍ ကက်သလစ် ဘာသာဝင် တစ်သိန်းဟူသည့် စံနှုန်း သတ်မှတ်ချက်အား ပယ်လိုက်လျှင် လူဦးရေ နည်းပါးလှသည့် နီပေါနိုင်ငံသည် ပထမထိပ်တန်း အဆင့်တွင် ချိတ်နေမည်



မနီလာမြို့ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ် တာဂလေး

စာမျက်နှာ ၁၁ သို့

# မြန်မာနိုင်ငံ တဝှမ်း သဘာဝ ပတ်ဝန်းကျင် စိမ်းလန်းစိုပြေရေး လှုပ်ရှားမှု

ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ (၂၀၁၉ ခုနှစ်) နှင့် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ နှိုးဆော်မှု စာချွန်လွှာ Laudato Si စတုတ္ထ အကြိမ်မြောက် နှစ်ပတ်လည်နေ့ တို့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် သစ်တောဦးစီးဌာန၊ မြန်မာကက်သလစ် ရွှေ့ပြောင်းသွားလာရေးနှင့် လူကုန်ကူးမှု တားဆီးတိုက်ဖျက်ရေး ကွန်ယက်နှင့် ကရုဏာလူမှုစည်းလုံး ညီညွတ်ရေးအသင်းမှ ကြီးမှူးကျင်းပသည့် သစ်ပင်စိုက် အခမ်းအနားကို ၂၀၁၉ ခုနှစ် ဇူလိုင် ၆ ရက်နေ့ နံနက် ၉ နာရီမှ ၁၂ နာရီ အထိ ပြုလုပ်ခဲ့သည်။




အခမ်းအနားသို့ ရန်ကုန် ကက်သလစ်ဂိုဏ်းချုပ် ဆရာတော်ကြီး ကာဒီနယ် ချားလ်စ်ဘို၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကရုဏာ လူမှုစည်းလုံး ညီညွတ်ရေး အသင်း ဥက္ကဌ ဒေါက်တာ ဝင်းထွန်းကြည် ရန်ကုန်သာသနာ ကရုဏာ လူမှုစည်းလုံး ညီညွတ်ရေးအသင်း ဥက္ကဌ ဖါသာရ် ဂျိုးဇက် မောင်ဝင်းနှင့် တိုက်ကြီးမြို့နယ် သစ်တောဦးစီးတောအုပ်ကြီး ဦးဝင်းတင်တို့ တက်ရောက် အားပေးစကား ပြောကြားခဲ့ကြသည်။ သစ်ပင်စိုက်ပွဲတော်သို့ ကက်သလစ် လူငယ်အသင်းအဖွဲ့များ၊ ကလေးသူငယ်များနှင့် ကရုဏာ အသင်းဝင်များ စုစုပေါင်း ၂၀၀ ခန့် ပါဝင် စိုက်ပျိုးခဲ့ကြသည်။

ကာဒီနယ် ချားလ်စ်ဘိုက မြန်မာနိုင်ငံတဝှမ်း သစ်ပင်များ စိုက်ပျိုးနေကြသည် အတွက် အလွန်ကျေနပ် အားရမိကြောင်း၊ ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည်လည်း အထူး ဝမ်းမြောက်ဝမ်းသာ ဖြစ်ပါလိမ့်မည်ဟု အားပေးစကားဆိုခဲ့သည်။ မြန်မာနိုင်ငံသည် အလွန် စိမ်းလန်းစိုပြေ လှပခဲ့သော်လည်း လောဘသားများက ဖျက်စီးခဲ့သည်အတွက် မြန်မာပြည်၏ မြေကြီးသည် ဒဏ်ရာဒဏ်ချက်များနှင့် ပြည့်နေကြောင်း ယခုကဲ့သို့ အပင်များ စိုက်ပျိုးခြင်းသည် ကမ္ဘာမြေကို ကုသနေခြင်းဖြစ်သောကြောင့် အထူး ကျေးဇူးတင် ဝမ်းသာမိပါကြောင်း ပြောကြားခဲ့သည်။ မှားခဲ့သမျှအတွက် ငိုကြွေးနေမည့်အစား သစ်ပင်စိုက်ခြင်းဖြင့် ဝိုင်းဝန်းလုပ်ဆောင်ကြပါစို့ဟု ဖိတ်ခေါ်ခဲ့သည်။

ရန်ကုန် ဂိုဏ်းချုပ်သာသနာ ကရုဏာ လူမှုစည်းလုံး ညီညွတ်ရေး အသင်း ဥက္ကဌ ဖါသာရ် ဂျိုးဇက် မောင်ဝင်းမှ သစ်ပင်စိုက်ပျိုးရခြင်း၏ ရည်ရွယ်ချက်နှင့် အသင်းအနေနှင့် စိုက်ပျိုးခဲ့သည့် လှုပ်ရှားမှုများ အကြောင်းကိုလည်း ပြောပြခဲ့သည်။ ၂၀၁၈ ဇွန်လတွင် ပဲခူးတိုင်း အုပ်ဖိုမြို့နယ်၌ အပင်ပေါင်း ၇ ထောင်ခန့် စိုက်ခဲ့ကြောင်း နှင့် ထိုအချိန်က ဒေသခံများက ဝိုင်းဝန်း ကူညီခဲ့ကြကြောင်း ပြောပြသည်။

ယခုနှစ် ၂၀၁၉ ခုနှစ် တွင် ရန်ကုန်တိုင်းဒေသကြီး အတွင်း ရွေးချယ် စိုက်ပျိုးခဲ့ကြရာ မြေဧက ၃ ဧကပေါ်တွင် အပင်ပေါင်း ၁၆၄၀ စိုက်ပျိုးခဲ့ကြသည်။ အပင်များအား စိုက်ပျိုးပြီး ပစ်မ ထားဘဲ ၂ နှစ်အတွက် ပြုစုစောင့်ရှောက်ပြီး မှသာ သစ်တော်ဌာနသို့ အပ်နှံရမည် ဖြစ် သည်။

အလားတူပင် မြန်မာ နိုင်ငံလုံးဆိုင်ရာ ကရု ဏာ လူမှုစည်းလုံး ညီညွတ်ရေး အသင်း၏ ဦးဆောင် လမ်းညွှန် အားပေးမှုဖြင့် ဂိုဏ်းချုပ် ဂိုဏ်းအုပ် သာသနာ အသီးသီးတွင်လည်း သစ်ပင်စိုက်ပျိုးရေး ပွဲတော်များ ကျင်းပခဲ့ကြသည်။

CBCM OSC

## ပုသိမ်ဂိုဏ်းအုပ် သာသနာ

ပုသိမ်ဂရုဏာ KMSS မှ ဦးဆောင်ပြုလုပ်သော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အစိမ်းရောင် လှုပ်ရှားမှု "များလူဆိုင်ရာ မြေကမ္ဘာ ထိန်းသိမ်းကာကွယ်ကြ ပါစို့" ခေါင်းဖြင့် ပုသိမ်ဂိုဏ်းအုပ်သာသ နာပိုင် ကညင်သုံးဆင့် သာသ နာ၌ ဇူလိုင်လ ၁၄ ရက်နေ့ နံနက် ၁၀ နာရီတွင် အခမ်း အနားကို စတင်ခဲ့ပါသည်။

အခမ်းအနားအစတွင် အဖဆရာတော် ဂျွန်မန်းဆိန်းဟိုဲ နှင့် ဖါသာရ် ဟင်နရီ အိုင်ခလိန်တို့မှဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပါသည်။ ထို့နောက် အဖဆရာ တော်မှ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း ကာကွယ်ဖို့ လူတိုင်းမှာ တာဝန်ရှိကြောင်း၊ ပုသိမ် ကရုဏာဒါရိုက်တာ ဖါသာရ် ပီတယ် မြတ်သူရမှ အမှာစကားနှင့် ဖါသာရ် ဟင်နရီ အိုင်ခလိန်၊ တို့မှ သာသနာဂိုဒေါင်ကို တည်ဆောက် ရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားရှင်းလင်းခဲ့ပါသည်။

အခမ်းအနားအပြီးတွင် စုပေါင်းမှတ် တမ်းတင် ဓာတ်ပုံရိုက်ကြပြီး သာသနာဂိုဒေါင်ခြံဝင်းအတွင်းတွင် နှစ်ရှည်၊ နှစ်တိုသစ်ပင်များ စိုက်ပျိုးခဲ့ကြပါသည်။

OSC Pathein




စာမျက်နှာ ၁၀ မှ အဆက်

ဖြစ်သည်။ နီပေါပြီးနောက် ဆာမိုအာ, နိုက်ဂျာ၊ လစ်ရှ်တန်စတိုင်း၊ ဒိန်းမတ်၊ ကိုဆိုဗိုနှင့် ဖီဂျီကျွန်းနိုင်ငံများသည် အဆင့်လိုက် ထွက်လာပေမည်။ သို့သော် CARA အဖွဲ့အနေနှင့် ထိုနိုင်ငံတွင် ကက်သလစ် ဘာသာဝင် မပြောပလောက်အောင် နည်းပါးလွန်းလှသဖြင့် ကက်သလစ် ရဟန်းနှင့် လူဝတ် ကြောင်များ အချိုး မြင့်မားနေမှုကို ထည့်သွင်းမစဉ်းစားတော့ပေ။

CARA ၏ လေ့လာတွေ့ရှိချက် အသစ်သည် နိုင်ငံအလိုက် ကက်သလစ် အသင်းတော်များ၏ တက်ကြွမှု စံနှုန်းကိုမူ ပျှမ်းမျှသာ တိုင်းတာထားခြင်း ဖြစ်သည်။ ဥပမာအားဖြင့် ဖိလစ်ပိုင် ကက်သလစ် အသင်းတော်ကို ကြည့်လျှင် နိုင်ငံပေါင်း ၁၀၈ နိုင်ငံစာရင်းတွင် အဆင့် ၉၅ ချိတ်သော်ငြားလည်း ဖိလစ်ပိုင် အသင်းတော်သည် ကမ္ဘာပေါ်တွင် တက်ကြွမှု အရှိဆုံး၊ အံ့ဖွယ်များပြားလှသော လူထုကွင်းပြင် မစ္ဆားတရား အခမ်းအနားကြီးများ ကျင်းပနိုင်သော၊ ကမ္ဘာ့အရပ်ရပ်သို့ သာသနာပြု ရဟန်း၊ သီလရှင်များ စေလွှတ်နိုင်သော၊ ကာဒီနယ် Tagle တာဂလေးကဲ့သို့ ကမ္ဘာသိ ကက်သလစ်သာသနာ့ ခေါင်းဆောင်များ မွေးထုတ်ပေးနိုင်သော အသင်းတော်ဖြစ်သည်။

မည်သို့ပင်ဆိုစေကာမူ CARA ၏ အဆင့်သတ်မှတ်ချက် အသစ်သည် ကမ္ဘာ့အဝှမ်းရှိ နိုင်ငံအလိုက် ကက်သလစ် အသင်းတော်များ (ကျန်းမာရေး) အခြေအနေအား ယှဉ်ထိုးသုံးသပ်နိုင်ရန် ရည်ရွယ်သည်။ CARA ၏ လေ့လာတွေ့ရှိချက်က အရေးကြီးသည့် သတင်းစကားကို ပေးနေသည်။ ၎င်းမှာ အာရှ ကက်သလစ် အသင်းတော်သည် ခန့်မှန်းသည်ထက် ပိုမိုအားကောင်းနေခြင်း ဖြစ်သည်။ မြန်မာ၊ ထိုင်းနှင့် ဗီယပ်နမ်ကဲ့သို့ အာရှနိုင်ငံများသည် ကက်သလစ် ဘာသာဝင် လူဦးရေ နည်းပါးပါသော်လည်း အဘယ်ကြောင့် ဤမျှလောက် ကက်သလစ် ခေါ်တော်မူခြင်း အားကောင်းနေရသည်ကို နားလည်ရန် ကျွန်ုပ်တို့ ကြိုးပမ်းသင့်ပါသည်။

မေးမြန်းရမည့် မေးခွန်းမှာ ကက်သလစ် ဘာသာဝင် လူဦးရေ နည်းပါးသည့် အခြေအနေကိုက အားသာချက်တစ်မျိုး ဖြစ်နေသည်လား?

ကက်သလစ် ဘာသာဝင် အများစု နိုင်ငံများကဲ့သို့ မဟုတ်ပဲ မြန်မာနိုင်ငံကဲ့သို့ နိုင်ငံများသည် ကက်သလစ် ဘာသာဝင် လူဦးရေ နည်းခြင်းဟူသည့် အချက်ကြောင့် ဘာသာဝင်များ အကြား ပိုမို စည်းလုံးပြီး သာသနာပြု (မစ်ရှင်) စိတ်ဓာတ်ပိုမို အားကောင်းနေသလား။

အဖြေတိတိကျကျထက် ခန့်မှန်းအဖြေများသာ လတ်တလော ရရှိနေပါမည်။ သို့သော် CASA ၏ လေ့လာတွေ့ရှိချက် အသစ်ကြောင့် ကမ္ဘာ့အဝှမ်းတွင် နိုင်ငံအလိုက် ကက်သလစ် အသင်းတော်တို့၏ အခြေအနေကို ယခင်ကထက် ပိုမိုသိရှိလေ့လာခွင့် ရကြပေမည်။

ဘာသာပြန် - Lawrence Jangma Mung Song

Ref: Catholic Herald

https://catholicherald.co.uk/.../burma-not-belgium-is-the-fu.../

# မြန်မာနိုင်ငံ တဝှမ်း သဘာဝ ပတ်ဝန်းကျင် စိမ်းလန်းစိုပြေရေး လှုပ်ရှားမှု





ကရုဏာ - ရန်ကုန်






ကရုဏာ - လားရှိုး




ကရုဏာ - ဟားခါး




# စီဘီစီအမ် မိသားစု မိဘများပွဲနေ့ကျင်းပ



မြန်မာနိုင်ငံလုံးဆိုင်ရာ ကက်သလစ် ဆရာတော်ကြီးများ အဖွဲ့ချုပ် မိဘများပွဲနေ့ အခမ်းအနားကို ဇူလိုင်လ (၂၉) ရက် တနင်္လာနေ့တွင် ၂၉၂ (က) ပြည်လမ်း စမ်းချောင်းရှိ မြန်မာနိုင်ငံ လုံးဆိုင်ရာ ကက်သလစ်ဆရာတော်ကြီးများ အဖွဲ့ချုပ်တွင် ကျင်းပ ခဲ့ပါသည်။

ပွဲတော်ကို ဆရာတော်ကြီးများ အဖွဲ့ချုပ် ကော်မရှင်များနှင့် ရုံးတော်များမှ တာဝန်ခံရဟန်းတော် များနှင့် ရုံးဝန်ထမ်းများ၊ ကရုဏာမြန်မာမှ ဝန်ထမ်းများနှင့် ကျောင်းဝင်းအတွင်း တာဝန်ထမ်းဆောင် နေကြသော ဘရာသာရ်၊ စစ္စတာများ နှင့် ကူညီလုပ်ဆောင်နေကြသူများ အားလုံး တစ်ရာကျော်ခန့် စုပေါင်း ပါဝင်ခဲ့ကြသည်။



အခမ်းအနား၏ ဗဟိုဖြစ်သော မစ္ဆားတရားတော်မြတ်ကို ရန်ကုန်ဂိုဏ်းချုပ်သာသနာ၏ လက်ထောက် ဆရာတော် ဂျွန်စောယောဟန်မှ ဦးဆောင် ပူဇော်ခဲ့ပါသည်။ ဆရာတော်နှင့်အတူ ဆရာတော်ကြီးများ အဖွဲ့ချုပ်လက်အောက်ရှိ ကော်မရှင် အသီးသီးမှ ဘုန်းတော်ကြီးများလည်း ပါဝင် ပူဇော်ခဲ့ကြပါသည်။

ဩဝါဒတရားကို စီဘီစီအမ်၏ အမှုဆောင်အတွင်းရေးမှူး ဖာသာရ် ပီတာ စိန်လှိုင်ဦးမှ ဟောကြားခဲ့ပါသည်။ ဖာသာရ် ပီတာမှ မိဘဟူသည် မိသားစုနှင့် ခွဲထား၍ မရကြောင်း မိသားစုကို အင်္ဂလိပ်စကားဖြင့် FAMILY ဖြစ်သည်။ ထိုစာလုံးကို အရှည် ရေးပါက Father And Mother I Love You! (ဖေဖေနှင့် မေမေ သင်တို့ကို ကျွန်ုပ်



ချစ်ပါသည်)။ ဆက်လက်ပြီး မိသားစုတွင် မိဘတို့၏ အရေးပါမှုကို အကျယ်တဝင့် ဟောကြားပြီး ကျေးဇူးသိတတ်ကြရန် နှိုးဆော်ခဲ့သည်။

မစ္ဆားတရားတော်မြတ် အပြီးတွင် ဂုဏ်ပြု နှုတ်ဆက်ခြင်း အခမ်းအနားကို မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်ကော်မရှင် ဒုဥက္ကဋ္ဌ ကိုမီနူးမှ အခမ်းအနားမှူး အဖြစ် ဆောင်ရွက်ကာ ဦးဆောင်ခဲ့ပါသည်။ အခမ်းအနားတွင် ဆရာတော် ဂျွန်စောယောဟန်နှင့် ဘုန်းတော်ကြီးများအား စီဘီစီအမ် ကော်မရှင် အသီးသီးမှ ဂုဏ်ပြု တေးသီချင်းများဖြင့် သီဆိုနှုတ်ဆက်ခြင်း၊ လက် ဆောင်ပစ္စည်း ပေးအပ်ခြင်းတို့ ပြုလုပ် ခဲ့ပါသည်။

ဆရာတော် ဂျွန် စောယောဟန်မှ ကောင်းကင်ဘုံ၌ မေတ္တာကို အခြေခံကာ ဆရာတော်ကြီးများ အဖွဲ့ချုပ်လက်အောက်ရှိ ရုံးတော်အသီးသီးတွင် တာဝန်ထမ်းဆောင်နေကြရင်း ညီအစ်ကို မောင်နှမ စိတ်မွေးမြူကြရန်မှာကြားခဲ့သည်။ အန်ကယ် ဦးမြင့်မောင်မှ ယခုကဲ့သို့ အတူတကွ ပျော်ရွှင်စွာ ကျင်းပနိုင်သည်အတွက် စီစဉ်သူများနှင့် တက်ရောက်လာသူများအား ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ဆက်လက်ပြီး အထူးပြင်ဆင်ထားသော နေ့လည်စာ သုံးဆောင်ကြရင်း တေးသီချင်းများကို မိသားစု အသွင် စိတ်ကြိုက် သီဆိုဖျော်ဖြေခြင်းဖြင့် ပျော်ရွှင်စွာ ကျင်းပခဲ့ကြပါသည်။

CBCM-OSC











# မန္တလေးကက်သလစ်ဂိုဏ်းချုပ်သာသနာအတွင်းရှိ အဆင့်မြင့် ပညာသင်ကြားရေးကျောင်း ( HEC ) ၌ စာပေဟောပြောပွဲလုပ်ဆောင်

မန္တလေး ကက်သလစ်ဂိုဏ်းချုပ်သာသနာအတွင်းရှိ စိန်ကိုလန်ဘမ် အသင်းဂိုဏ်းမှ ဖွင့်လှစ်ထားသော အဆင့်မြင့်ပညာသင်ကြားရေးကျောင်း ( HEC ) ၌ကျောင်းသားများအသိအမြင် ဗဟုသုတတိုးပွား စေရန်အတွက် စာပေဟောပြောပွဲ တစ်ခုကို ၂၀၁၉ ခုနှစ် ၊ ဇူလိုင်လ (၁၂) ရက်နေ့ ၊ နံနက် (၉ း၀၀ - ၂း ၀၀) နာရီထိလုပ်ဆောင်ခဲ့ပါသည်။

ဟောပြောပွဲ၌ စာရေးဆရာ ဦးဘုန်းဓာတု ၊ စာရေးဆရာ ဦးနေဝင်းမြင့်၊ ကဗျာဆရာ ဦးထွန်းသွေးအိမ် တို့မှ ဟောပြောခဲ့ကြပါသည် ။

ဆရာဦးဘုန်း ဓာတုမှ ဟောပြောရာ၌ နှလုံးသား လှတဲ့လူငယ်များဖြစ်ဖို့ ၊ အရည်အချင်းရှိသော လူငယ်များဖြစ်ဖို့ ၊ လောကကြီး၌ မတူညီခြင်း၊ ကွဲပြားခြင်းများသည် သာလျှင် အလှတရားများဖြစ်ကြောင်း၊ လူငယ်များ အမြင်မကျဉ်းမြောင်းဘဲ အမြင်ကျယ်ဖို့ရန်အတွက် အဖဘုရားသခင်ရဲ့ စကားကို နားထောင်ဖို့ရန် လိုအပ်ကြောင်းများကို " ခွန်အားဖြစ်သောနေ့ " ဆိုသည့် ခေါင်းစဉ်ဖြင့် အကျယ်တဝင့်ဟောပြောဝေငှခဲ့ပါသည်။

ကဗျာဆရာ ဦးထွန်းသွေးအိမ်မှလည်း မေတ္တာတရားဟာ မရှိမဖြစ်လိုအပ်ကြောင်း၊ နှလုံးသားလှဖို့အရေးကြီးကြောင်း၊ စိတ်ထား ကောင်းဖို့ရန် လိုအပ်ကြောင်း၊ စိတ်ကောင်းလေးတစ်ခုရှိရန် အရေးကြီးကြောင်း၊ စိတ်ကောင်းတစ်ခုရှိခြင်းက မိမိရဲ့ မကောင်းတဲ့ အကျင့်ဆိုးများကို ထိုစိတ်ကောင်းတစ်ခုက ခံတပ်တစ်ခုလို ၊ တံတိုင်းတစ်ခုလိုခုခံကာကွယ်ပေးနိုင်ကြောင်းများကိုငှ၏ ကဗျာများဖြင့် ဟောပြောဝေမျှသွားခဲ့ပါသည်။

ဆရာဦးနေဝင်းမြင့်မှ လည်းယနေ့ခေတ် အချိန်အခါသည် ယဉ်ကျေးမှုတွေနေးရာမှ မြန်လာနေပြီ ဖြစ်တဲ့အတွက်ကြောင့် ကျွန်ုပ်တို့ လူငယ်များနောက်ကျမကျန်ခဲ့ရလေအောင် စာများများဖတ်ကြရန် လိုအပ်ကြောင်း၊ စာဖတ်ပြီးသည့် အချိန်၌လည်းဆက်လက် တွေးတောတတ်ရန် လိုအပ်ကြောင်းများကို "မေတ္တာ" ဆိုသည့် ခေါင်းစဉ်ဖြင့် အကျယ်တဝင့် ဟောပြော ဝေမျှသွားခဲ့ပါသည် ။




ထိုစာပေ ဟောပြောပွဲသို့ ( HEC ) မှကျောင်းသား ကျောင်းသူများနှင့် အတူ မန္တလေး ကက်သလစ် ဂိုဏ်းချုပ်သာသနာမှ အငြိမ်းစားယူသွားပြီ ဖြစ်သောဆရာတော်ကြီး ပေါလ် ဇိန်ထုန်းဂရောင်လည်း လာရောက် ပါဝင်နားထောင်ခဲ့ပါသည်။

Photos News – Pinky

# ပြည် သာသနာ ဂိုဏ်းအုပ်ဆရာတော် အလက်ဇန္ဒြား ပြုံးချို ၏ အသက်တော် (၇၀) နှစ် ပြည့် မွေးနေ့ ပွဲတော်

ပြည်သာသနာ ဂိုဏ်းအုပ် ဆရာတော် အလက်ဇန္ဒြား ပြုံးချို ၏ အသက်တော် (၇၀) နှစ်ပြည့် မွေးနေ့ပွဲတော်အား ဇူလိုင်လ (၁၀) ရက်နေ့ညနေ ငါး နာရီခွဲတွင် မွန်ဆီညော် နေရီအူး ထွန်းမင်းမှ ဦးဆောင်၍ ရဟန်း တော် (၁၅) ပါး စုပေါင်းလျက် မွေးနေ့ မဿားတရားတော်မြတ်အား စတင် ပူဇော်ခဲ့ကြပါသည်။

မွေးနေ့ပွဲတော်သို့ စစ္စတာရ်အပါး (၁၀) ခန့်၊ မိုင်းနား ကျောင်းသားများ၊ စစ္စတာရ်လောင်းများနှင့် ဘာသာသူများ ၅၀၀ ဦးခန့် တက်ရောက် ပါဝင်ဆုတောင်းခဲ့ကြပါသည်။

မဿား အပြီးတွင် မွေးနေ့ရှင်အား နှုတ်ဆက် ဂုဏ်ပြုခြင်း အခမ်းအနားတွင် စိန်ပေါလ်လူငယ်များမှ သီးချင်းဖြင့် ဂုဏ်ပြုခြင်း၊ ရဟန်း သီလရှင်များကိုယ်စား စစ္စတာရ် ကက်သရင်းကြွေမှ ဂုဏ်ပြုစကားပြောကြားခြင်း၊ ဘာသာဝင်များ အားလုံးကိုယ်စား သာသနာ့အကျိုးတော်ဆောင်ဦးစိုးသိန်းမှ ဂုဏ်ပြုစကားမြွက်ကြားခြင်း၊ မွေးနေ့ရှင်အား လက်ဆောင်များ ဆက်ကပ်ခြင်းနှင့် အတူ မွေးနေ့ရှင်၏ရင်ဖွင့်စကားမိန့်ကြားခြင်းနှင့် မွေးနေ့ရှင်မှ ရဟန်းတော်များ၊ သီလရှင်များနှင့် ဘာသာဝင်များအား မွေးနေ့ကိတ် ခွဲကြွေးခြင်း အစီအစဉ်များ ပြုလုပ်ခဲ့ကြပါသည်။

မွေးနေ့ရှင်အား ဂုဏ်ပြုခြင်းအပြီးတွင် ရဟန်းသီလရှင်များအား ညနေစာ နှင့် ဘာသာဝင်များအား မုန့်ဟင်းခါးဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြပါသည်။

OSC - PYAY




# ပုသိမ်ဂိုဏ်းအုပ်သာသနာ၊ ပုသိမ်ဖုံ ရဟန်းတော်များ ဝတ်စောင့်ခြင်း

ပုသိမ်ဂိုဏ်းအုပ်သာသနာ၊ ပုသိမ်ဖုံ ရဟန်းတော်များ ဝတ်စောင့်ခြင်း အခမ်းအနားကို ဇူလိုင်လ ၁၇ ရက်နေ့၊ တောင်ယာကုန်းသာသနာတွင် တနေ့တာ ပြုလုပ်ခဲ့ပါသည်။

အခမ်းအနားတွင် ပုသိမ်ဖုံမှရဟန်းတော်များ၊ ရုံးပိုင်းဆိုင်ရာ တာဝန်ကျသော ရဟန်းတော်များ စုစုပေါင်း ၃၂ ပါး တက်ရောက် ပါဝင် ဝတ်စောင့်ခဲ့ကြပါသည်။ ဝတ်စောင့်ခြင်းတွင် ဝိညာဉ်အားဆေးကို တိုက်ကျွေးသူမှာ ဘုန်းတော်ကြီး ပေါလ် ဖြစ်ပါသည်။ ဝတ်စောင့်ခြင်းတွင် စိန်ဖရန်စစ်အစီစီရဲ့ ဆုတောင်းမေတ္တာထဲမှ " Peace, Love and Pardon " ကို အခြေခံပြီး အတူတကွ ထောက်ရှုခဲ့ကြပါသည်။

ထို့နောက် ရဟန်းတော်များသည် အတူတကွ စိပ်ပုတီးစိပ်ခြင်း၊ ဆိတ်ငြိမ်ခြင်း၊ ဆုတောင်းမေတ္တာများ ရွတ်ဆိုခြင်း၊ မဿားတရားပူဇော်ခြင်း စသည်တို့ကို ပြုလုပ်ခဲ့ပါသည်။

OSC Pathein



# မန္တလေးကက်သလစ် ဂိုဏ်းချုပ်သာသနာပိုင် မုံလှဇာတိဖွား ဆရာတော်ကြီး မာကုတင်ဝင်းအား မုံလှရွာမှ ဘာသာတူများက ဂုဏ်ပြုဆိုကြိုနှုတ်ဆက်ခြင်းနှင့် ကျေးဇူးတင်မစ္ဆားတရားပြုလုပ်ပေးခြင်း



မန္တလေးကက်သလစ် ဂိုဏ်းချုပ်သာသနာပိုင် ဆရာတော်ကြီး မာကုတင်ဝင်းသည် မုံလှဇာတိဖွားဖြစ်ပါသည်။ မုံလှဇာတိဖွားဖြစ်သော ဆရာတော်ကြီးအား မုံလှရွာမှ ဘာသာတူများက ဂုဏ်ပြုပွဲနှင့် ကျေးဇူးတင်မစ္ဆားတရားကို ၂၀၁၉ ခုနှစ် ဇွန်လ ၂၉-၃၀ ရက်နေ့များက ပြုလုပ်ပေးခဲ့ကြပါသည်။

၂၉ ရက်နေ့ ညနေက မုံလှရွာမှ ဘာသာတူများက ဆရာတော်ကြီးအား နွေးထွေးပျူငှာစွာ ကြိုဆိုခဲ့ကြပါသည်။

ညပိုင်းတွင် ဆရာတော်ကြီး အတွက် ဂုဏ်ပြုဖျော်ဖြေပွဲတော်ကို လုပ်ဆောင်ခဲ့ပါသည်။

မုံလှရွာ ဘာသာတူများ အားလုံးကိုယ်စား ဘာသာတူတစ်ဦးမှ ဆရာတော်ကြီးအတွက် ဂုဏ်ပြု ဩဘာစာကိုဖတ်ကြားခဲ့ပါသည်။

ဆရာတော်ကြီး မာကုတင်ဝင်းမှလည်း ကျေးဇူးတင်စကားနှင့်အတူ ယခုလို ဆရာတော်ဖြစ်ရခြင်းဟာ မုံလှရွာမှ ဘိုးဘွားများ၊ ဆရာသမားများနှင့် ရှေးခေတ်သာသနာပြု ဘုန်းတော်ကြီးများကြောင့် ဖြစ်ကြောင်း၊ မုံလှရွာမှာ ငယ်စဉ်ကလေးဘဝက တစ်အိမ်နှင့် တစ်အိမ် ရန်ဖြစ်သည်ဟူ၍ မကြားဘူးကြောင်း၊ ညစဉ် ညတိုင်း အိမ်တိုင်း၌ စိပ်ပုတီးစိပ်သံများသာ ကြားခဲ့ရဖူးကြောင်း၊ ထိုကဲ့သို့ ဘိုးဘွားများက ဘုရားတရား ကိုင်းရှိုင်းခဲ့ကြတဲ့အတွက် ယနေ့လို သူတော်စင်များ များစွာဖြစ်ပေါ်လာခဲ့ရပြီး ထိုကဲ့သို့ ကောင်းမွန်တဲ့ အမွေကို ယနေ့ လူငယ်များအား လက်ဆင့် ကမ်းနိုင်ဖို့ရန် အတွက် လိုအပ်ကြောင်းများကိုလည်း ပြောကြားခဲ့ပါသည်။

ဆရာတော်ကြီးအား ဂုဏ်ပြုဖျော်ဖြေရာ၌ ကျောင်းထိုင်ဘုန်းတော်ကြီး နီကောလားစ် ပြုံးချိုအပါအဝင် သက်ထွေး၊ လူငယ်၊ မိခင် စသည့် အဖွဲ့အသီးသီးက အဆို၊ အကများဖြင့် ဂုဏ်ပြုဖျော်ဖြေခဲ့ပါသည်။

၂၀၁၉ ခုနှစ် ဇွန်လ (၃၀)ရက်နေ့ နံနက် (၇း၀၀)နာရီက ကျေးဇူးတင်မစ္ဆားတရားနှင့်အတူ ယေရှုးရွှေနှလုံးတော် ပွဲတော်ကို မန္တလေးကက်သလစ် ဂိုဏ်းချုပ်သာသနာပိုင်ဆရာတော်ကြီး မာကုတင်ဝင်း ဦးဆောင်ကာ ပူဇော်၍ ဩဝါဒ တရားရေအေးကိုလည်း တိုက်ကျွေးခဲ့ပါသည်။

မစ္ဆားတရားအတွင်း ကာဒီနယ်ကြီးချားလ်စ်ဘိုမှလည်း မုံလှရွာမှ ဘာသာတူများအား ဆုံးမဩဝါဒစကား အနည်းငယ်ကို မြွက်ကြားရာ အရာရာကို လုပစေသည့်အရာမှာ ဘုရားသခင်သာ ဖြစ်ကြောင်း၊ ဘုရားသခင်သည် လူသားများအပေါ်သနားကြင်နာသည့်အတိုင်း ကျွန်ုပ်တို့ လူသားများအချင်းချင်း၊ ရွာသူရွာသားများ အချင်းချင်း ဘယ်နေရာ ဘယ်ဒေသရောက်ရောက်တစ်ဦးအပေါ်တစ်ဦး သနားကြင်နာကြပြီးကူညီရိုင်းပင်းကြရန်လိုအပ်ကြောင်း၊ သနားခြင်းဟာမွန်မြတ်သည့်အရာ ဖြစ်ကြောင်းကိုမြွက်ကြားခဲ့ပါသည်။

ဆရာတော်ကြီး၏ မယ်တော် ဖရန်စွကားဒေါ်သန်းတင်ကလည်း "ဘုရားသခင်က ဆရာတော်အားချစ်လို့ ဆရာတော်အဖြစ်ရွေးချယ်လိုက်တော့ ပျော်ပြီး ဝမ်းသာပါတယ်။ ဆရာတော် ငယ်စဉ်က ဘယ်နေရာမှာမှ မဆုံးမ မသွန်ခဲ့ရဘူး ။ ဘုရားကျောင်းသွား၊ စာသင်ကျောင်းသွားဆိုပြီး ဆုံးမပြောဆိုခဲ့ရတာမျိုးမရှိခဲ့ဘူး။ သူ့အသိနဲ့သူ့အကုန်လုပ်သွားတာ။ ဘုန်းကြီးလုပ်ကျောင်းသွားမယ်ဆိုတော့လည်း အမေတို့တောင်မသိရဘူး။ သူ့ဘာသာသူ ကျောင်းထိုင်ဘုန်းကြီးကိုပြောလာခဲ့ပြီး အဖေကျုပ်တော့ဘုန်းကြီးလုပ်ကျောင်းသွားမယ် ဘုန်းဘုန်းကိုလည်း ပြောထားပြီးပြီဆိုပြီး ဆရာတော်၏ ဖခင်ကို ထိုကဲ့သို့သာ ပြောပြခဲ့ခြင်းဖြစ်ကြောင်း၊သားဖြစ်သူ ဘုန်းကြီးကျောင်းသွားချိန် မိခင်ဖြစ်သူတစ်ယောက်အနေနဲ့ လွမ်းလို့ ငိုခဲ့ရကြောင်း၊ ဘုန်းကြီးကျောင်းသွားသည့် အချိန်မှ ယနေ့ချိန်ထိ ဘုရားရှင်ထံ ဆုတောင်းခြင်းများဖြင့် ပါဝင်ခဲ့ကြောင်းများကို ပြောပြခဲ့ပါသည်။

မုံလှရွာသားတစ်ဦးဖြစ်သူ ဦးဌေးအောင်မှလည်း ဆရာတော်ကြီး မာကုတင်ဝင်းသည် ငယ်စဉ် ကလေးဘဝကတည်းက အေးအေးလူလူ နေတတ်သည့်သူ တစ်ယောက်ဖြစ်ကြောင်း၊ ယခုလို မုံလှရွာကနေ ကာဒီနယ်တစ်ပါး၊ ဂိုဏ်းချုပ်ဆရာတော်တစ်ပါးပေါ်ထွက်ခဲ့တဲ့အတွက် အတိုင်းမသိဝမ်းသာကြောင်း၊ မုံလှရွာ ဆရာတော်ဂုဏ်ပြုပွဲအတွက် ကုန်ကျစရိတ်များကိုလည်း ရှိလွန်းလို့လှူတာမဟုတ်ပဲ အလိုလို လှူချင်သည့်စိတ်ပေါက်သည့်အတွက် လှူဒါန်းရခြင်းဖြစ်ကြောင်း၊ ယခုပွဲသာမဟုတ် မုံလှရွာ ဆေးခန်းကိုလည်း လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်းကို ပြောပြခဲ့ပါသည်။

ထိုဂုဏ်ပြုပွဲတော်သို့ မုံလှရွာ ဇာတိဖွား ရန်ကုန် ဂိုဏ်းချုပ်သာသနာပိုင် ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုနှင့်အတူ ရန်ကုန်ဂိုဏ်းချုပ် သာသနာလက်ထောက်ဆရာတော် ဂျွန်စောယောဟန်လည်း ပါဝင်တက်ရောက်ခဲ့သည့်အပြင် မုံလှရွာဇာတိဖွား ရဟန်းတော်များ၊ သီလရှင်များ (၁၉)ပါးနှင့် မုံလှရွာ၌ တာဝန်ကျခဲ့သော ရဟန်းတော်များ၊ သီလရှင်များအားလုံးအပါအဝင် အပါး (၃၀) ကျော်ပါဝင်ခဲ့ကြပါသည်။ ရဟန်းသီလရှင်များ အပြင် တနယ်တကျေး၌ သွားရောက်ကာ အလုပ်လုပ်နေကြသော သူများလည်း မိမိတို့အရပ်ဒေသသို့ ပြန်လာ၍ ဆရာတော်ကြီးအား ဂုဏ်ပြုနှုတ်ဆက်ခြင်း၌ ပါဝင်ခဲ့ကြပါသည်။

Pinky (MDY-OSC / RVA Myanmar Service)

# ဆရာတော်ကြီး မာကုတင်ဝင်းနှင့် Counsellor များ ပထမဦးဆုံးအကြိမ် အစည်းအဝေးပြုလုပ်

မန္တလေး ကက်သလစ်ဂိုဏ်းချုပ် သာသနာ ဆရာတော်ကြီး မာကုတင်ဝင်း နှင့် သိက္ခာခံယူခြင်း ဝါအကြီးအငယ်အစဉ်လိုက်၊နေရာဒေသအလိုက်၊သက်တော်ကြီးငယ်အလိုက် ၊ ကိုယ်စားပြု တာဝန်ပေးအပ်ရွေးချယ်ထားသော ဆရာတော့်အကြံပေး ဘုန်းတော်ကြီးများ(Counsellors)ပထမဦးဆုံးအကြိမ် အစည်းအဝေးကို ၂၀၁၉ ခုနှစ် ဇွန်လ (၁၂)ရက်နေ့က ဂိုဏ်းချုပ်ဆရာတော်ကြီး ရုံးခန်း၌ ပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးတွင် ပါဝင်ကြသော ဘုန်းတော်ကြီးများမှာ MSGR. Dominic ဂျိုတု၊ Fr.Augustine တင်မောင်ထွန်း၊ Fr. Anthony အောင်မျိုးဝင်း၊ Fr. Bosco ကျော်ထွန်းမြင့်၊ Fr.Paul သက်ခိုင်၊ Fr. Augustine ဝင်းမြင့်၊ Fr. John Eudes အောင်ကျော်ခိုင်၊ Fr. ရှိုင်းကို တို့ဖြစ်ကြပါသည်

Photos News - Signis Mandalay



# မော်လမြိုင်သာသနာ၊ ပုလောတိုက်နယ်၊ ကဒဲရွာတွင် မိခင်ဖခင်များ တစ်ရက်တာ ဝတ်စောင့်ခြင်း နှင့် မိဘများပွဲနေ့ ပြုလုပ် ကျင်းပ



မိခင်ဖခင်များ တစ်ရက်တာ ဝတ်စောင့်ခြင်းသည် ဇူလိုင်လ ၂၀ ရက်နေ့ ၂၀၁၉ တွင် Fr. Augustine Shwe မှ ဦးဆောင်ပြုလုပ်ပေးခဲ့သည်။

ပုလော တိုက်တွင် နှစ်စဉ် မိခင်ဖခင်များ နောက်ဆုံး အကြိမ် ဝတ်စောင့်ခြင်းကို လွန်ခဲ့သည့် (၆) နှစ် က ပြုလုပ်ခဲ့သည်။ ဤ ဝတ်စောင့်ခြင်းတွင် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်၏ စကားဖြစ်သော "မိသားစုသည် သာသနာ တိုက်နယ်တွင် အသင်းတော်ငယ်လေးများဖြစ်သည်" ဆိုသည့် အပေါ် ဝေမျှပေးခဲ့သည်။

Peace begins at home. ငြိမ်းချမ်းခြင်းသည် မိသားစုတွင် စတင်သည်။ မိသားစုသည် သနာတော်အတွက် အလွန်အရေးကြီးကြောင်း မိဘများကို ပြောကြားမျှဝေပေးခဲ့သည်။



ဝတ်စောင့်ခြင်းတွင် မိခင်ဖခင် စုစုပေါင်း (၇၂) ယောက် တက်ရောက် ပါဝင်ခဲ့ကြသည်။ ဤကဲ့သို့ ဝတ်စောင့်ခြင်း ပြုလုပ်ပေးခြင်း၏ ရည်ရွယ်ချက်သည် တိုက်နယ်မှာရှိသော မိဘများ တစ်နှစ်တစ်ခါ ပြန်လည်စုရုံး၍ မိမိ၏ မိသားစု ဘဝအသက်တာကို ပြန်လည်စဉ်းစား မျှဝေပြီး ရှေ့ဆက် သာသနာတွင် မိသားစုစံနမူနာ ကောင်းများဖြစ်ရန်ဖြစ်သည်။

ဝတ်စောင့်ခြင်း အပြီး ဇူလိုင်လ (၂၁) ရက်နေ့ ၂၀၁၉ ခုနှစ် နံနက် ၈း၃၀ နာရီတွင် မိဘများပွဲနေ့ကို မစ္ဆားပူဇော်ခြင်းနှင့် ပွဲနေ့ကို ကျင်းပပြုလုပ်ခဲ့သည်။ မစ္ဆားအပြီးတွင် ဘုန်းတော်ကြီးများနှင့် မိဘများကိုဂုဏ်ပြု ကန်တော့ခြင်း အစီအစဉ်ကို ပြုလုပ်ခဲ့သည်။

ဘုန်းတော်ကြီး (၁၀)ပါး၊ စစ္စတာရ် (၆) ပါး၊ နှင့် ဘာသာဝင် ညီအစ်ကိုမော်နမ အားလုံး စုစုပေါင်း (၅၅၀) ခန့် ပွဲတော်ရက်ကို ပါဝင်တက်ရောက် ဂုဏ်ပြုခဲ့ကြသည်။ နှစ်စဉ်နှစ်တိုင်း မိဘပွဲနေ့ပြုလုပ်ခြင်းအားဖြင့် မိဘနှင့် သားသမီးများကြားထားရှိရသည့် တာဝန်ဝတ္တရားနှင့် သားသမီးများသည် မိဘတို့ကို လေးစားဂုဏ်ပြုသည့် အလေ့အထ ရှိရန် ရည်ရွယ်ခဲ့ကြောင်း မွန်ဆီညော် သိန်းခင် မှဩဝဒမှာ မိန့်ကြားခဲ့သည်။

Mawlamyine OSC

# တောင်ကြီး အေးသာယာ မြို့သစ်တွင် မိဘပွဲနေ့ကျင်းပခြင်း

မိဘပွဲနေ့ကျင်းပခြင်းအခမ်းအနားကိုယနေ့နံနက် (၉း၃၀) နာရီအချိန်တွင် အေးသာယာမြို့သစ် ပရိတ်သူငယ်တော် ယေဇူး ဘုရားရှိခိုးကျောင်း၌ ကျင်းပခဲ့ပါသည်။ ပထမပိုင်းတွင် ဘုန်းတော်ကြီး Fr. Emmanual Maungli

စိန်မိုက်ကယ်မှ ဘုန်းတော်ကြီး Fr. သိုက်ရွှေလှတို့ဦးဆောင်ပြီး မစ္ဆားပူဇော်ရာ အေးသာယာဘာသာတူများ စိန်မိုက်ကယ်နှင့် Little Way ဘရာသာရ်များဖိတ်ကြားထားသော ဘာသာဝင်များ ပါဝင်ပူဇော်ကြပါသည်။

မစ္ဆားအပြီးတွင် မိတ်သဟာရ မိတ်ဆုံစားကြပြီး ဒုတိယပိုင်းအစီအစဉ်တွင် Fr. သိုက်ရွှေလှက အဖွင့် ဆုတောင်းမေတ္တာဖြင့် အစပြုပါသည်။ အေးသာယာအသင်းတော်မှလူငယ်မောင်မယ်များက အဖွင့်တေးသီချင်းသီဆိုပါသည်။ Fr. Emmanual Maungli က အဖွင့်ဩဝါဒ ပြောကြားပြီးအသက် (၆၀) အထက် မိဘများအား ဂုဏ်ပြုလက်ဆောင်များဖြင့် ဂါရဝပြုကြပါသည်။ အေးသာယာ လူငယ်မောင်မယ်များ၊ အေး သာယာ ဘာတူများနှင့်စိန်မိုက်ကယ် ဘရာသာရ်များက တေးသီချင်းများ အကများ တေးသရုပ်ဖော်များဖြင့် မိဘများကို ဂုဏ်ပြုကြပါသည်။

ငင်းနောက် ဦးဂျိုးဇက် စိုင်းရှဲန်မှ ဘာသာတူ ညီအစ်ကိုမောင်နမများအား မိဘပွဲနေ့ကျင်းပခြင်းနှင့်စပ်လျဉ်းပြီး ကျမ်းပိုဒ်များဖြင့် ကိုးကားကာ ခွန်အားပေးသွားပါသည်။ အစီအစဉ်အပြီးတွင် ဘုန်းတော်ကြီးများထံမှ ကောင်းချီးမင်္ဂလာ ခံယူပြီးမှတ်တမ်း ဓါတ်ပုံရိုက်ကာ မိဘပွဲနေ့ကို နေ့လည် (၂) နာရီအချိန်တွင် ကောင်းမွန်အောင်မြင်စွာကျင်းပပြီးစီးခဲ့ပါသည်။

U Sai Sheng








# မိဘများဝတ်စောင့်ခြင်းအခမ်းအနားနှင့် ဂုဏ်ပြုပွဲအခမ်းအနားကျင်းပ




မိဘများဝတ်စောင့်ခြင်းကို ဇူလိုင် (၂၇) ရက်နေ့ နံနက် (၈) နာရီအချိန်တွင် စတင်ပြုလုပ်ခဲ့ပါသည်။ အခမ်းအနားသို့ တောင်ကြီး ဂိုဏ်းချုပ်ဆရာတော်ကြီး ဘာစီလို အားသိုက်၊ ကျောင်းထိုင်ဘုန်းတော်ကြီး ဖာသာရ် ဖီဒဲလေ တင်ဖေ၊ ဒီကင် ပေတရု မောင်ပိတ် တို့ကြွရောက် ခွန်အားပေးခဲ့ပါသည်။

ဂိုဏ်းချုပ်ဆရာတော်ကြီး ဘာစီလို အားသိုက် မှ မေတ္တာ နှင့် သစ္စာအကြောင်းခွန်အားပေးသွားခဲ့ပါသည်။

ဇူလိုင်လ (၂၈) ရက်နေ့ နံနက် (၇း၃၀) နာရီအချိန်တွင် (၆၅) နှစ် အထက် မိဘများအား ဂုဏ်ပြုပွဲ အခမ်းအနားမစ္ဆားတရား တော်မြတ်ကို တောင်ကြီးစိန့်ဂျိုးဇက်ဗဟိုဘုရားရှိခိုးကျောင်း၌ ကျင်းပခဲ့ပါသည်။ မစ္ဆား တရားတော်မြတ်ကို ဂိုဏ်းချုပ်ဆရာတော်ကြီး ဘာစီလို အားသိုက် ဦးဆောင်ပြီး ဘုန်း တော်ကြီးများ အသင်း ဂိုဏ်းအသီးသီးမှ စစ္စတာများ၊ စိန်မိုက်ကယ်မှ ဘရာသာရ်များ၊ ဘာသာဝင်များ ပါဝင်ပူဇော်ကြပါသည်။

**ဂိုဏ်းချုပ်ဆရာတော်ကြီး ဘာစီလို အားသိုက် ဟောကြားသောဒေသနာမှ ကောက်နုတ်ချက် သခင်ယေရှုးသင် ကြားပေးသော Our Father ဆုတောင်းမေတ္တာ (ကောင်းကင် ဘုံမေတ္တာ)**

ကြားနာရတဲ့ကျမ်းပိုဒ်က သခင်ယေရှုး သင်ကြားပေးတဲ့ Our Father ဆုတောင်းမေတ္တာဖြစ်တယ် Our Father မေတ္တာကို ကျွန်တော်တို့ရွတ်ဆိုတဲ့အခါ သေချာစဉ်းစားပြီးမှ ရွတ်ဆိုမယ်ဆိုရင် အချက်နှစ်ချက်ကို သတိထားမိတယ်။ ပထမအပိုဒ်မှာ ကောင်းကင်ဘုံ၌ရှိတော်မူသောအကျွန်ုပ်တို့၏အဖ နောက်တစ်ပိုဒ်က As we forgive those who trespass againt us အဲဒီနှစ်ချက်ကို အသေးစိတ်သွားမယ်ဆိုရင် ...။

ကောင်းကင်ဘုံ၌ ရှိတော်မူသော အကျွန်ုပ် တို့၏ အဖကို ဆိုတဲ့အခါမှာ နည်းနည်းတာဝန်ကြီးသလို ဖြစ်လာတယ်။ ကျွန်ုပ်တို့၏အဖ ဆိုလိုက်တာနဲ့ အားလုံးနဲ့သက်ဆိုင်တဲ့အ ဖေဖြစ်တယ်။ အဖေက တစ်ယောက်ထဲဘဲဆိုတော့ အားလုံးက ညီအစ်ကိုမောင်နမ တော်စပ်တယ် မောင်နမဆိုတဲ့သ ဏ်တကဘာလဲ။ ချစ်ကြ ခင်ကြ ကြင်နာကြဖို့ဘဲ။ Our Father မေတ္တာဆိုလိုက်တာနဲ့အားလုံးညီအစ်ကိုမောင်နမတော်စပ်တယ် ဆေးကြောခြင်း (ဘတ္တိဇံ) ခံယူတဲ့ခရစ်ယာန်အားလုံး ညီအစ်ကိုမောင်နမတော်စပ်တယ်။ ဒါကြောင့်မို့လို့ ရဟန်းမင်းကြီးက ရှိမေးနီးယားကိုသွားတဲ့အခါ ညီအစ်ကို ခရစ်ယာန်အသင်းဂိုဏ်းက ခရစ်ယာန်တွေ လာရောက်ကြိုဆိုတဲ့အခါမှာ နှစ်သက်အားရတယ်။ ဒါခရစ်ယာန်မောင်နမစိတ်ဓါတ်ဘဲ။ ဒုတိယမြောက် ရဟန်းမင်းကြီးပေါ်လူးကြွလာတုန်းကလည်း သူတို့ကြိုဆိုကြတယ်။ ရဟန်းမင်းကြီးက ခရစ်ယာန်တွေဟာ တရားဝင်ကွဲပြားကြပေမယ့်စည်းလုံးမှုကိုတော့ ဘယ်တော့မှ သွေဖီမသွားဘူး ညီညွတ်မှုတစ်လုံးတစ်ဝတည်းရှိမှုကိုတော့ ဘယ်တော့မှသွေဖီ မသွားဘူး မောင်နမဆိုတာ အခန့်မသင့်ရင်ကွဲကြပေမယ့်တစ်လုံးတစ်ဝတည်း စည်းလုံးတဲ့စိတ်ဓါတ် ကပျောက်မသွားဘူး။ ဒါကြောင့်ပုပ်ရဟန်းမင်းကြီးက

Our Father (ကောင်းကင်ဘုံမေတ္တာ) ကို ဘယ်လိုခေါ်သလဲ။" ခရစ်ယာန်တို့ရဲ့ ဘုံအမွေအနှစ် " လို့ခေါ်တယ် အခုကျွန်တော် တို့မြန်မာပြည် ပုဂံမြေက ကမ္ဘာ့ အမွေအနှစ်စာရင်း ဝင်သွားတယ်။

ကျွန်ုပ်တို့၏အဖ Our Father ဆုတောင်းမေတ္တာက ခရစ်ယာန်ရဲ့ အမွေအနှစ်စာရင်းဝင်တာ ကြာလှပြီ။ အခုရဟန်းမင်း ကြီးထုတ်ပြောမှဘဲ ဟုတ်သားဘဲ ဆိုပြီး သတိရတယ်။ ခရစ်ယာန်မှန်ရင် Our Father မေတ္တာ ဆိုပိုင်ခွင့်ရှိတယ်။

ဒုတိယ အပိုဒ်မှာခွင့်လွှတ်ခြင်း (Forgiveness) we need to forgive ခွင့်လွှတ်ခြင်းဟာ ကျွန်ုပ်တို့အားလုံးရဲ့ လိုအပ်ချက် တစ်ခုဖြစ်ရမယ်။ ခွင့်ကိုခွင့်လွှတ်ရမယ်။ ဒါလိုအပ်ချက်ဘဲ။ ဘယ်ဥပဒေမှ မငြိစွန်းဘူး ကျမ်းစာမှာလည်းပါတယ်။ လူတွေက အပြစ်ရှိတဲ့ မိန်းမတစ်ယောက်ကို ကျောက်ခဲနဲ့ ပစ်ဖို့လုပ် ကြတယ် သခင်ယေရှုးက တားလား။ မတားဘူးလား။ တားတယ်။ လက်နဲ့တားလား။ ဘာနဲ့တားလဲ။ လက်နဲ့မတားဘူး။ စကားနဲ့လည်းမတားဘူး။ စာလုံးနဲ့တားတယ်။ မြေပေါ်မှာအ ရုပ်ရေးတယ် ဘာရေးမှန်းတော့ မသိဘူး။ ကျမ်းစာကလည်း ပြောမပြထားဘူး။ လူတွေက သခင်ယေရှုး မြေပေါ်မှာရေး ခြစ်ထားတာကို ငုံ့ကြည့်တဲ့အခါ သခင်ယေရှုးက အပြစ်မရှိဘူးဆိုတဲ့သူတွေပစ်ကြလို့ပြောတယ်။ ဘယ်သူမှ မပစ်ဘဲအ လျှိုလျှို ထွက်သွားကြတယ်။

Forgiveness ကိုယ်ချင်းစာ တရားရှိတဲ့သူက ခွင့်လွှတ်ခြင်း တရားရှိတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့တတွေ သိက္ခာ ပျက်စေတဲ့ ကျောက်တုံးကိုပစ်ချလိုက်ပါ သိက္ခာဖျက်တဲ့ ကျောက်တုံး ကိုယ့်မှာရှိနေရင်မ ကိုင်ထားပါနဲ့ ပစ်ချလိုက်ပါ။ Drop the stone သိက္ခာမဲ့တဲ့ ခဲလုံးကို ရဲရဲကြီးလွှတ်ချလိုက်ပါ လူတွေကိုမပေါက်ပါနဲ့။ ခွင့်လွှတ် တယ်ဆိုတာ ပြောရတာ လွယ်ပေမယ့်ကျင့်ရခက်တယ်။ လူတစ်ရာကို ချစ်ဖို့လွယ်ပေမယ့်လူတစ်ယောက်ကို ခွင့်လွှတ်ဖို့ခက်တယ်။ အကြောင်းပြချက်က ဘာလဲပုထုဇဉ် လူသားပေမို့။ အော် ကျွန်တော်တို့ လောကသားတွေဟာ လူများအပြစ် မြင်ရင်ကျောက်ခဲနဲ့ ပေါက်ချင်တယ်။ လောကသားဆန်တယ်။ ခရစ်ယာန်ဖြစ်တယ်ဆိုရင် ပုထုဇဉ်စိတ်နဲ့ သွားလို့ မရဘူး။ သူတော်စင်စိတ်နဲ့မှ တော်ကာကျမယ်။

မှားတာ က ပုထုဇဉ်ခွင့်လွှတ်ရမှာက သူတော်စင်။ (To err is human but to forgive is divine) ခရစ်ယာန်မှန်ရင် သူတော်စင်အလုပ်ကို လုပ်ကြပါ။ ပုထုဇဉ်အလုပ်ကို မလုပ်ကြပါနဲ့။ Our Father မေတ္တာဟာ အဆင့်မြင့် ဆုတောင်း မေတ္တာဖြစ်တယ်။ ကောင်းကင်ဘုံဆိုတာ ပျော်ရွှင်ရမည့် နေရာ အဲဒီမေတ္တာကို ဆိုတယ်ဆိုရင် ကောင်းကင်ဘုံကို ရောက်သွားသလိုဖြစ်ရမယ် ခွင့်မလွှတ်နိုင်သရွေ့ အဲဒီမေတ္တာဟာ ကောင်းကင်ဘုံ မဆန်တော့ဘူး။ ဒါကြောင့်မို့လို့ ကောင်းကင်ဘုံမေတ္တာကို ဆိုလိုက်တာနဲ့ ညီအစ်ကို မောင်နမစိတ်ဓါတ်တွေ ခွင့်လွှတ် တတ်တဲ့စိတ်ဓါတ်တွေ မေတ္တာတရားရဲ့ အရင်းအမြစ်တွေ ပေါ်လာတယ်။ မေတ္တာမထားသ၍ ကောင်းကင်ဘုံမေတ္တာ အခါတစ်ရာဆိုလည်း ဘာမှမထူးဘူး။

ပျော်ရွှင်နိုင်ဖို့ ကောင်း ကင်ဘုံမေတ္တာကို ပျော်ပျော်ရွှင်ရွှင်နဲ့ ဆိုနိုင်ဖို့လိုတယ်။ ပျော် ရွှင်တဲ့မိသားစုဆိုတာဟာ ကောင်းကင်ဘုံရဲ့တစ်ပိုင်းတစ်စကိုရထားတဲ့ မိသားစုဖြစ်တယ်။ ကောင်းကင်ဘုံရဲ့ အနှစ် သာရကို လောကမှာခံစားရတဲ့ မိသားစုဖြစ်တယ်။ မောင်နမ စိတ်ဓါတ်ရှိပြီး တစ်ယောက်ကို တစ်ယောက်ခွင့်လွှတ်တတ်ရမယ်။

ဒါ ကြောင့်မို့လို့ ဒီကနေ့ မိဘများပွဲနေ့ဆိုပေမယ့် Our Father ပွဲနေ့ဖြစ်တယ်။ အဖေလည်းဘုရား အမေလည်းဘုရားဘဲ။ လောကမှာရှိတဲ့မိဘတွေကို ဂါရဝထားပြီးတော့မှ ဘုရားနဲ့တတန်းထားပြီးဂါရဝပြုတယ် ဦးထိပ်ပန်ဆင်တယ် သူတို့ကျေးဇူးတွေ ကျွန်တော်တို့အပေါ် သိပ်များတယ်။ ဘုရားရဲ့ ကျေးဇူးကအများဆုံး ပြီးတော့မိဘရဲ့ကျေးဇူး။ ဒါတွေ ပြန်စဉ်းစားတဲ့အခါ Our Father မေတ္တာကို အဓိပ္ပါယ်ရှိရှိနဲ့ ဆိုနိုင်မယ်ဆိုရင် ဒီကနေ့ကျွန်တော်တို့ကျင်းပတဲ့ မိဘပွဲဟာကျွန်တော်တို့ရဲ့ Our Father ပွဲဘဲဟု ဟောကြားခဲ့ပါသည်။

မစ္ဆားတရားပြီးနောက် အခမ်းအနားတွင် အသက် ၆၅ နှစ်အထက် မိဘများအား ဂုဏ်ပြုခဲ့ကြသည်။ အဖွင့်ဆုတောင်းမေတ္တာကို Fr. Fidele Tin Phe က အဖွင့်ဆုတောင်း မေတ္တာဖြင့် အစပြုခဲ့ပါသည်။

ဂုဏ်ပြုပွဲအခမ်းအနားတွင် စိန်မိုက်ကယ် ရဟန်းဖြစ်သင်ကျောင်းမှ ရဟန်းလောင်းများက မိဘများအား တေးသီချင်းဖြင့် ဂုဏ်ပြုပါသည်။ ဆရာတော်ကြီး ဘာစီလို အားသိုက် မှ အမှာစကားပြောကြားပေးပြီး ဆရာတော်ကြီးများ၊ ဘုန်းတော်ကြီးများနှင့် မိဘများအား ဂုဏ်ပြုလက်ဆောင် များဖြင့် ဂါရဝပြုပါသည်။

ထို့နောက် ဦးဂျိုးဇက်ယော်ဝါမှ မိဘများကိုယ်စားသားသမီးများအား အမှာစကားနှင့် ကျေးဇူးတင်စကားပြောကြားသွားပါသည်။ မိဘများအား ဂုဏ်ပြုခြင်းအခမ်းအနားကို ဆရာတော်ကြီးများထံမှ ကောင်းချီးမင်္ဂလာခံယူကာ အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပါသည်။

U Sai Sheng



# စတုတ္ထအကြိမ်မြောက် သာသနာပြုလုပ်ငန်းမြှင့်တင်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကျင်းပ



စတုတ္ထအကြိမ်မြောက် သာသနာပြုလုပ်ငန်းမြှင့်တင်ရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကို PMS National office မှကြီးမှူး၍ ဇူလိုင်လ ၂၃ရက်နေ့ ယနေ့တွင် ရန်ကုန်မြို့ရှိကက်သလစ်ဆရာတော်ကြီးများကျောင်းတိုက် (CBCM ) ၌စတင်ကျင်းပခဲ့သည်။

ဖွင့်ပွဲ မစ္ဆားတရားတော်မြတ်ကို ရန်ကုန်ဂိုဏ်းချုပ် ဆရာတော် Bp.John Saw Yaw Han မှ ဦးဆောင်ပူဇော်ပေးခဲ့သည်။

မစ္ဆားတရားတော်မြတ်ပြီးနောက် ဆရာတော်မှ " What the commemoration of the 100 anniversary of the Apostolic letter MAXIMUM ILLUD means to the Church in Myanmar " ခေါင်းစဉ်ဖြင့် ပို့ချပေးခဲ့သည်။

ဆက်လက်၍ Fr. Abraham Thein Lwin မှ " Personal Encounter with Jesus " ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Fr. B. Ne Ne မှ " The main challenges and urgent needs of Myanmar Catholic Mission " ခေါင်းစဉ်ဖြင့်လည်းကောင်းပို့ချဆွေးနွေးခဲ့ကြပြီး ညနေပိုင်းတွင် သာသနာပြန့်ပွားရေးစိပ်ပုတီးကို အတူတကွ စိပ်ခဲ့ကြသည်။

ထို့နောက် PMS National Director နှင့် PMS Diocesan Directors များသီးသန့်အစည်းအဝေးကိုပြုလုပ်ကာ သာသနာပြုလုပ်ငန်းမြှင့်တင်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို အဆုံးသတ်ခဲ့ပါသည်။

ဆွေးနွေးပွဲ တတိယနေ့တွင် အဖကာဒီနယ် အဖကာဒီနယ်လ် ချားလ်စ်ဘိုမှ တက်ရောက် အားပေးကာ မစ္ဆားတရားတော်မြတ် ဦးဆောင် ပူဇော်ပေးခဲ့သည်။ မစ္ဆားတရားပြီးနောက် Dr. Edmund Chia နှင့် Dr. Gemma Cruz တို့မှ The Bible on the Mission of the Church, Jesus Christ: Foundation of the Church's Mission, Laity and Women in the Mission of the Church ခေါင်းစဉ်များဖြင့် ဆက်လက် ပို့ချဆွေးနွေးပေးခဲ့သည်။ ထို့နောက်တွင် Best practice of Missionary Childhoodကိုကလေးဂိုဏ်းအုပ်သာသနာ၊ ဟားခါးဂိုဏ်အုပ်သာသနာ၊ တောင်ငူဂိုဏ်းအုပ်သာသနာနှင့် လွိုင်ကော်ဂိုဏ်းအုပ်သာသနာတို့မှ တင်ပြပေးခဲ့သည်။

Pyone Pyone Aung

# ရန်ကုန် ဂိုဏ်းချုပ်သာသနာ မိဘများပွဲနေ့အကြို ပန်းချီနှင့် စာစီစာကုံးပြိုင်ပွဲ



ရန်ကုန်ဂိုဏ်းချုပ်သာသနာ၊ သာသနာပြုကလေးသူငယ်များ၏ မိဘများပွဲနေ့ အကြို ပန်းချီနှင့် စာစီစာကုံးပြိုင်ပွဲကို ဇူလိုင်လ ၁၉ ရက်နေ့၌ စိန်ထရေဇာ ဘုရားကျောင်း (အလုံ) တွင် ကျင်းပ ပြုလုပ်ခဲ့ပါသည်။

ပန်းချီနှင့်စာစီ စာကုံးပြိုင်ပွဲကို ပထမဦးစွာ ကျောင်းထိုင် ဘုန်းတော်ကြီး Fr. David Thakhu ၏ အဖွင့် ဆုတောင်းခြင်းဖြင့် စတင်ခဲ့သည်။ ပြိုင်ပွဲကို သာသနာ ၂၂ ခုမှ ကလေးသူငယ် ၅၉ ဦးပါဝင်ယှဉ်ပြိုင်ခဲ့သည်။

၎င်း (၅၅) ဦးတွင် ပန်းချီ (၁၇) ဦးနှင့် စာစီစာကုံး ၄၂ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ နံနက် ၁၀ နာရီ ၃၇ မိနစ်အချိန်တွင် ဖြေဆိုခြင်းများ ခေတ္တရပ်နား၍ Fr. David Thakhu မှဦးဆောင်၍ ကျဆုံးလေပြီးသော အာဇာနည် ခေါင်းဆောင်ကြီးများအား အလေးပြုခြင်းနှင့် မြန်မာပြည်ငြိမ်းချမ်း ရေးအတွက် ဆုတောင်းပေးခဲ့သည်။

ပြိုင်ပွဲဆုရရှိသူများ စာရင်းကို ဇူလိုင်လ (၂၆) ရက်နေ့ ည (၁၂)နာရီအချိန်တွင် ကြေငြာပေးခဲ့ပါသည်။ ပြိုင်ပွဲတွင် စာစီစာကုံးအထက်တန်းဆင့် ဆုရရှိသူများမှာ Rose ခိုင်မြဲသူ (သန့်ရှင်းသောအိမ်ထောင်စုဘုရားကျောင်း၊ဖိုးကံပေး) မှ ပထမ၊ Phiolomina အိသဇင်သွယ် (မင်းပညာရှိသုံးပါးဘုရား ကျောင်း၊ ခဝဲခြံ) မှ ဒုတိယ နှင့် Veronica မြတ်ဖူးပွင့်ထူး (စိန်မေရီကသီဒြယ်) မှ တတိယဆု အသီးသီး ရရှိခဲ့သည်။

စာစီစာ ကုံးပြိုင်ပွဲ အလယ်တန်းအဆင့် ဆုရရှိသူများမှာ Faustina ခိုင်စုဝေ (စိန်ဂေးဗြဲလ် ဘုရားကျောင်း၊ မြောက်ဥက္ကလာ)မှ ပထမဆု၊ Maria ရည်မွန်အေး (ဖာတီမာဘုရားကျောင်း၊ မြေနီကုန်း)မှ ဒုတိယနှင့် ခရစ္စတီးနားစမ်းသော်တာငြိမ်း (မင်္ဂလာဒုံ) မှ တတိယဆု တို့ရရှိခဲ့သည်။

ဆက်လက်ပြီး မူလတန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ပထမဆုကို ဂျွန်တူးတူး (စိန်ဂေးဗြဲလ် ဘုရားကျောင်း၊ မြောက်ဥက္ကလာ)၊ ဒုတိယဆုကို ပီတာမင်းချစ်အောင် (စိန်ပီတာနှင့် စိန်ပေါလ်ဘုရားကျောင်း (အင်းစိန်)နှင့် တတိယဆုကို ချမ်းမြေ့နေခြည် (သန့်ရှင်းသော ကလေးသူငယ်များဘုရားကျောင်း (တောင်ဒဂုံ) တို့မှ ရရှိခဲ့ပါသည်။

၄င်းမိဘများပွဲနေ့ဂုဏ်ပြု ပန်းချီနှင့် စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဇူလိုင်လ ၃၁ ရက်နေ့၊ နံနက် ၁၀နာရီတွင် စိန်မေရီကယ်သီဒြယ်ဘုရားကျောင်းတော်ကြီး၌ပြုလုပ်ခဲ့ပါသည်။ မိဘများပွဲနေ့တွင် ရန်ကုန်ဂိုဏ်းချုပ်သာသနာ၏သိုးထိန်းဖခင်ဆရာတော် ဂျွန်စောယောဟန်အားလည်း နှုတ်ဆက် ဂါရဝပြုခဲ့ပါသည်။ သာသနာတစ်ခုလျှင် တာဝန်ခံတစ်ဦးနှင့် ကလေးသူငယ်ကိုယ်စားလှယ် ၅ ဦး တက်ရောက်ခဲ့ပြီး မိဘ/အုပ်ထိန်းသူများလည်းတက်ရောက်ပါဝင်ခဲ့ပါသည်။

Pyone Pyone Aung

# မန္တလေး ကက်သလစ်သာသနာ မန္တလေးဖုံ လူငယ်ခေါင်းဆောင်များ ဝတ်စောင့် ပွဲ နှင့် အစည်းအဝေး ကျင်းပပြုလုပ်ခြင်း




မန္တလေး ကက်သလစ် လူငယ်ကော်မရှင်မှ ဦးဆောင် ကြီးမှူး ၍ မန္တလေးဖုံ လူငယ်ခေါင်းဆောင်များ ဝတ်စောင့်ပွဲ နှင့် အစည်းအဝေးကို ပြင်ဦးလွင်မြို့၊ အခြေခံ ရဟန်းဖြစ်သင်ကျောင်းတွင် ၂၀၁၉ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့မှ ၂၁ နေ့ထိ ကျင်းပပြုလုပ်ခဲ့ပါသည်။

ထိုဝတ်စောင့်ပွဲတွင် လူငယ်ခေါင်းဆောင်များ ရင်ဆိုင်နေရသော ပြဿနာများ ဟူသော ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မိသားစုအတွင်း အနာဂတ်ကာလ ရင်ဆိုင်ရမည့် အခက်အခဲနှင့် ဝိညာဉ်ရေးရာဖြင့် ပြန်လည်တည်ဆောက်ခြင်း စသည့် ခေါင်းစဉ်များဖြင့် ဦးစိုးနိုင်(CFC) မှ လူငယ်များ အား တက်ကြွစွာ ပို့ချပေးခဲ့ပြီး သင်ခန်းစာ အပြီးတွင် အုပ်စု ဖွဲ့ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြပါသည်။

ထို့နောက် ဖါသာရ် တိုးဝေအောင် မှ မိမိဘဝ အတွင်း မှ ဘုရားကို သိရှိခြင်း ခေါင်းစဉ်ဖြင့် ဝေမျှ ပို့ချခဲ့ပြီး မိမိဘဝကို ပြန်လည် ဆန်းစစ်ထောက်ရှုခြင်း၊ တဦး နှင့်တဦး ယုံကြည်မှုဖြင့် မျှဝေခြင်းများ ပြုလုပ်ခဲ့ကြပါသည်။ ဆက်လက်ပြီး ဖါသာရ် ရစ်ချက် မှ လူငယ်နှင့် ဘုရားသခင် ကြားရှိ ဆက်ဆံရေး၊ လူတယောက်၏ စိတ်ကို ထိန်းချုပ်နိုင်စွမ်း စသည့် ထောက်ရှု ဝေမျှချက်များနှင့်အတူ လူငယ်များ ဘဝတွင် သိရှိလိုသည့် အချက်များလည်း အမေးအဖြေ ကဏ္ဍဖြင့် ပို့ချပေးခဲ့သည်။

အစည်းအဝေး ရက်တွင် လူငယ်တာဝန်ခံဘုန်းတော်ကြီး (ယာယီ) ဖါသာရ် နေကျော်လွင် မှ ယခုကဲ့သို့ လူငယ်ခေါင်းဆောင်များအား အစည်းအဝေး ခေါ်ယူရခြင်း ရည်ရွယ်ချက်ကို ပြောကြားခဲ့ပြီး အစည်းအဝေးအား စတင်ကျင်းပခဲ့ပါသည်။

ထိုအစည်းအဝေးတွင် မန္တလေး ကက်သလစ် လူငယ်ကော်မရှင်မှ အမှုဆောင် လူငယ်များ နှင့်အတူ မန္တလေး ဖုံ အတွင်းရှိ လူငယ်ခေါင်းဆောင်များ မှ မန္တလေး ကက်သလစ် လူငယ်ကော်မရှင် မှ ပြုလုပ်မည့် အစီအစဉ်များ၊ အုပ်စု အသီးသီး ၌ ဖြစ်ပေါ်လျက်ရှိသည့် လူငယ်ကဏ္ဍ အခက်အခဲများ၊ ဆရာတော်ကြီး နှင့် လူငယ်ခေါင်းဆောင်များ တွေ့ဆုံ စည်းဝေးပွဲတွင် တင်ပြဆွေးနွေးမည့် အကြောင်းအရာများ ကို အုပ်စု အလိုက် ကဏ္ဍပေါင်းစုံ မှ တက်တက်ကြွကြွ ဆွေးနွေးတိုင်ပင်ခဲ့ကြပါသည်။ ထိုဝတ်စောင့်ပွဲနှင့် အစည်းအဝေးတွင် လူငယ်ခေါင်းဆောင်များ အနေဖြင့် မစ္ဆားတရား နာယူခြင်း၊ ကမ္ဘဋ္ဌာန်းထောက်ရှုခြင်း၊ စိပ်ပုတီးစိပ်ခြင်း ၊ သမ္မာကျမ်းစာဝေမျှ ခြင်းများဖြင့် ခွန်အားယူ တည်ဆောက်ခဲ့ကြသည်။

Mandalay Catholic Youth Commission

# ပထမ အကြိမ်မြောက် မောင်မယ်သစ်လွင်ကြိုဆိုပွဲ

မြစ်ကြီးနား သာသနာ ကတ်သလစ် ကျောင်းသူ ကျောင်းသား များ လှုပ်ရှားမှု Catholic Students Action Myitkyina (CSAM) မှ ဦးဆောင်၍ ပထမ အကြိမ်မြောက် မောင်မယ်သစ်လွင် ကြိုဆိုပွဲကို မြစ်ကြီးနား ဘုန်းတော်ကြီး တပိုင် ဒေသ်ရပ်ကွက်ရှိ သံလုကာ ဓမ္မကောလိပ်တွင် ၂၀၁၉ ခုနှစ် ဇူလိုင်လ ၁၄ ရက်နေ့ တနင်္ဂနွေနေ့တွင် အောင်မြင်စွာ ကျင်းပပြုလုပ်ပြီးစီးခဲ့ပြီဖြစ်သည်။

အဆိုပါပွဲကို CSAM Spiritual Director စိန် ကိုလန်ဘန် သာသနာပြု ဘုန်းတော်ကြီး Fr. Kurt Zion Pala မှ မစ္ဆားတရားတော် ပူဇော်ခြင်းဖြင့် စတင် ဦးဆောင်ပြီး မြစ်ကြီးနား သာသနာအတွင်းရှိ တက္ကသိုလ် ကျောင်းများဖြစ်သော-

(1) Myitkyina University
(2) Technology University
(3) Computer University
(4) Nursing training School
(5) Education College
(6) Mohnyin Catholic College Students (MCCS)

စသည့် ကျောင်းများမှ ကိုယ်စားပြု ကတ်သလစ်ကျောင်းသူကျောင်းသားများ စုစုပေါင်း ၂၀၀ကျော်ခန့် ပါဝင်ခဲ့ကြသည်။


Catholic Students Action Myitkyina (CSAM) သည် DYC မှ ကြီးမှူးပြီး ကျင်းပ ပြု လုပ်သော ဒုတိယအကြိမ်မြောက် University Catholic Students Gathering တွင် စတင် တည်ထောင်ခဲ့သော အဖွဲ့အစည်းဖြစ်ပြီး စိန်ကိုလန်ဘန် သာသနာပြု ဘုန်းတော်ကြီး တစ်ဦးဖြစ်သူ Fr. Kurt Zion




Pala မှ ဦးဆောင်၍ တက္ကသိုလ် ကျောင်းများ မှ ကိုယ်စားပြု ကျောင်းသူကျောင်းသားများ ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ CSAM သည် ကတ်သလစ် ကျောင်းသူ ကျောင်းသားများ ကဏ္ဍအဘက်ဘက်မှ တိုးတက်ရေး အတွက် ဦးတည်လှုပ်ရှားနေသောအဖွဲ့အစည်းဖြစ်သည်။

Myitkyina Diocesan Youth Commission





# စတုတ္ထ ပညတ်တော်

သီကိုရှင်း



မိုးစက်ဖြိုင်ဖြိုင် လ ဇူလိုင်ကို ချဉ်းနင်း ဝင်ရောက်လာပြီဆိုတာနဲ့ ကက်သလစ် ခရစ်ယာန်ဘာသာဝင် တော်တော်များများက မိဘများပွဲကို သတိရကြပါတယ်။ မိဘတွေကို ဂါရဝပြု ဆုတောင်းကန်တော့တာဟာ ရိုးရာမပျက်တဲ့ မြန်မာ ကက်သလစ်ခရစ်ယာန်တို့ရဲ့ မင်္ဂလာယုက်ဖြာတဲ့ အစဉ်အလာတစ်ရပ်ပါလို့ ဆိုရပါလိမ့်မယ်။

မိဘများပွဲနေ့ ဘယ်ကနေ ဘယ်လို စပြီး ပေါ်ပေါက်လာတယ်ဆိုတဲ့ သမိုင်းကိုတော့ ဂဃနဏ မသိပါဘူး။ ကျင်းပတဲ့နေရာ ကျင်းပပုံကျင်းနည်းတွေလည်း ကွာကြပါတယ်။ နိုင်ငံတစ်ချို့တွေက အထူးသဖြင့် အမေရိကားမှာ အမေများနေ့ဆိုပြီး စတင်ကျင်းပတဲ့ သမိုင်းကို ဖတ်ဖူးတယ်။ နောက် တဖြေးဖြေးနဲ့ အဖေများနေ့ဆိုပြီး ကျင်းပကြတယ်။ မိဘများနေ့လို့ သတ်မှတ်ပြီး တစ်ကမ္ဘာလုံးအနေနဲ့ ကျင်းပတာတော့ မတွေ့ဖူးဘူး။ ကျွန်တော်တို့ မြန်မာပြည် ကက်သလစ်အသင်းတော်ထဲမှာတော့ မိဘများပွဲနေ့အား မယ်တော်မာရိယားရဲ့ မိဘများဖြစ်သည့် ရှင်ဂျော့ကင်းနှင့် ရှင်အာနားတို့ပွဲနေ့၊ ဇူလိုင် ၂၆ ရက်နေ့မှာ ကျင်းပကြတာဟာ ဓလေ့တစ်ခုလို ဖြစ်နေပါပြီ။

သမ္မာကျမ်းစာမှာ ဘုရားပေး ပညတ်တော်ရှိပါတယ်။ ထွက်မြောက်ရာကျမ်း ၂၀း၂၁ မှာ ရှိတယ်။ ပညတ်တော် ၁၀ပါးကို အပိုင်း ၂ ပိုင်းနဲ့ သုံးသပ်ကြည့်ရင် ပထမပညတ် ၃ ချက်က ဘုရားသခင်အပေါ် ကျနော်တို့ လူသားတွေ ထားရမည့် စိတ်နေသဘောထားနှင့် ဆက်စပ်ပြီး သွန်သင်ထားတာကို တွေ့ရတယ်။ ကျန်တဲ့ ပညတ် ၇ ချက်မှာ ကျနော်တို့လူသားအချင်းချင်း အပြန်အလှန် ထားရှိရမယ့် စိတ်နေသဘောထားနှင့်စပ်လျဉ်းပြီး သွန်သင်ထား ပါတယ်။ အဲ့ဒီတော့ လူသားအချင်းချင်း အပြန်အလှန် ထားရှိရမည့် စိတ်နေသဘောထားတွင် မိဘအပေါ်ထား ရှိရ မည့် စိတ်နေ သဘောထားဟာ ပထမဆုံးနေရာမှာ ဖြစ်ပါ တယ်။ စတုတ္ထ ပညတ်တော်မှာ "မိဘတို့အား ရိုသေခြင်းကို ပြုလော့"လို့ မိန့်ဆိုထားပါတယ်။

ဗုဒ္ဓအယူဝါဒ လွှမ်းခြုံထုံးမွမ်းနေတဲ့ ကျနော်တို့ မြန်မာနိုင်ငံသားတွေအတွက် ဘုရား၊ တရား၊ သံဃာဆိုတဲ့ ရတနာ သုံးပါးကို အထွဋ်အထိပ်ထားတယ်။ ပြီးတာနဲ့ ရတနာသုံးပါးနဲ့တစ်ဆက်ထဲ ဆရာ၊ မိဘ ဆိုပြီး အနန္တော အနန္တ ငါးပါး အဖြစ် ရိုသေပူဇော်ကြတယ်။ ဘုရားနဲ့ တစ်ဂိုဏ်းထဲထားတယ်ဆိုကတည်းက မိဘကို ရိုသေတယ်ဆိုတာ သာမန် ထက်မကပါဘူး။ ရိုသေရုံတင်မက အလုပ်အကျွေး ပြုစုရမယ်လို့လည်း နားလည်ထားကြတယ်။ လူတွေ တော်တော်များ ခံယူထားတာတစ်ခုရှိပါတယ်။ မိဘကို ရိုသေခြင်းဆိုတာမိဘကိုလုပ်ကျွေးပြုစုခြင်းတဲ့။မိဘလုပ်ကျွေးတဲ့သူက အသက်ရှည်၊ အနာမဲ့၊ အဆင်းလှ၊ မပူပင် မကြောင့်ကြနဲ့ နေရတဲ့ သုခတွေ ရတယ်လို့ ဆိုပါတယ်။ ရှင်ပေါလု ရေးတဲ့ ဖေက်ဆုသြဝါဒ စာစောင်မှာ ရှင်ပေါလုက "သင်၏ မိဘတို့အား ရိုသေခြင်းကို ပြုလော့။ ဤသည်ကား ကတိတော်နှင့်ယှဉ်သော ပထမပညတ်ဖြစ်၍ သင်သည် ကမ္ဘာမြေကြီးပေါ်တွင် ကောင်းစားလျှက် အသက်ရှည်လိမ့်မည်။" (၆း၁-၃) ဒီပညတ်တော်ကတော့ ခံစားရမယ့် အကျိုး ရလဒ် ကတိကိုပါ တစ်ခါထဲ တွဲပြီးတော့ပေးထားတယ်။

မိဘကို လုပ်ကျွေးပြုစုတဲ့သူက ဘယ်တော့မှ မဆင်းရဲဘူးလို့ ဆိုရိုးစကားတွေလည်း ရှိကြတယ်။ လုပ်ကျွေးပြုစု ခြင်းအားဖြင့် ကျေးဇူးသိတတ်ကြောင်း ဖော်ပြကြတယ်။ တခါတလေမှာ ကိုယ်လုပ်ပေးနိုင်တဲ့ အရာနဲ့ မိဘတွေ အပေါ် ကိုယ်ဘယ်လောက် ကျေးဇူး သိတတ်လဲ ရိုသေ ပူဇော်ကြလဲဆိုတာကို တိုင်းတာကြတယ်။ မိဘ တွေက သားသမီးအပေါ် ကျေးဇူးကြီးတယ်။ ဆပ်လို့ မကုန်ဘူး။ ဒါကြောင့် သူတို့ရဲ့ ကျေးဇူးက များလေလေ ပိုပြီးတော့ သိတတ်ဖို့ တာဝန်ကလည်း ကြီးလေလေ ဆိုပြီး နားလည်ကြတယ်။ တချို့သားသမီးတွေကျ သနားဖို့ ကောင်းတယ်။ အခြေအနေအရ မိဘက မွေးပြီးတဲ့နောက်ပိုင်းမှာ ချို့တဲ့စွာနဲ့ ကြီးပြင်းလာရတယ်။ အရွယ်နဲ့ မလိုက်အောင် ငယ်ငယ်လေးနဲ့ အဆင်မပြေမှု တွေကြားမှာ ရုန်းကန်ရတယ်။ ပြည့်ပြည့်စုံစုံနဲ့ မိဘ ပံ့ပိုးမှုတွေနဲ့ ကြီးပြင်းလာတဲ့ကလေးနဲ့ မိဘက ပစ်ထားခံရတဲ့ကလေး ဘယ်သူက မိဘအပေါ် ပိုပြီး ကျေးဇူးဆပ်သင့်လဲလို့ မေးရင် ဘယ်လို ဖြေမလဲ။

မိဘက တာဝန် မကျေဘူး ကိုယ့် သားသမီးကို ကောင်းကောင်း မထောက်ပံ့ဘူးဆိုရင် အနည်းနဲ့ အများတော့ ခံစားရတယ်။ စိတ်ဒဏ်ရာတွေရှိတယ်။ သားသမီးချင်းတောင် မျက်နှာလိုက်ပြီး ခွဲခြားခံရတဲ့ကလေးက ကြာလာတော့ မိဘရဲ့ မေတ္တာကို မသိတော့။ တဖြေးဖြေးနဲ့ သားသမီးတွေက မိဘကို သံယောဇဉ်မရှိ။ အချစ်မခံရတော့ မိဘကို ချစ်ရမှန်းမသိတော့ဘူး။ ပစ်ထားခံရတဲ့သူက အချစ်စကားကြားရင် အလိုလို ခါးသက်သက်ဖြစ်လာတယ်။ မိဘမဲ့ ဆိုတဲ့ ဝေဒနကို မိဘမဲ့တွေထက် ဘယ်သူမှ ပို မသိနိုင်ဘူး ထင်ပါတယ်။ နာကျင်ခံစားရတာက ခံစားရသူပဲ ပိုသိတာ။ မိဘရှိရက်နဲ့ မိဘက တာဝန်မကျေတော့ သားသမီးကလည်း ကြီးလာတော့ မိဘကို တာဝန်မယူတတ်တော့ဘူး။ တခါတလေမှာ မိဘကို ရိုသေတယ် ကျွေးမွေးစောင့်ရှောက် တယ်ဆိုတာ မိဘတွေလုပ်ခဲ့တဲ့အပေါ် အတိုင်းအတာ အပေါ် မူတည်ပြီး ဆုံးဖြတ်ကြတဲ့ သားသမီးတွေလည်း အများကြီးပဲ။

ထွက်မြောက်ရာကျမ်းထဲမှာ ဖတ်ရတာ တစ်ခုရှိတယ်။ အီစရာအဲလ် လူမျိုးစု တစ်ဆက်လုံးက နှစ်ပေါင်း ၄၀ ကျော် သဲကန္တာရမှာ ရှာလည်ခဲ့ကြတယ်။ ဒီအတောတွင်းမှာ ဘယ်မိဘကမှ သူ့သားသမီးကို မကျွေးမွေးနိုင်ဘူး။ အဝတ်အစား မဆင်နိုင်ဘူး။ စားဝတ်နေရေး အစစအရာရာ အားလုံးကို ဘုရားသခင်က ပံ့ပိုးပေးခဲ့တယ်။ ရှင်းရှင်းပြောရင် နှစ်ပေါင်း အတော်ကြာအောင် မိဘတွေက သားသမီးတွေက အဲ့ဒီအချိန်မှာ မကျွေးမွေးနိုင်ခဲ့ဘူး။ ဒါပေမဲ့လို့လည်း ဆီနာအိတောင်ပေါ်မှာ ဘုရားက သင်တို့ရဲ့ မိဘတွေကို ရိုသေကြလော့လို့ပညတ်ကို ပေးတယ်။ မိဘကို ရိုသေတယ်ဆိုတာ သူတို့ လုပ်ပေးခဲ့တာရှိလို့ ရိုသေခိုင်းတာမဟုတ်ဘူး။ အဲ့ဒီမျိုးဆက်သစ်တစ်ခု အတွက် မိဘတွေက ဘာမှ မလုပ်ပေးနိုင်ခဲ့ဖူးပဲ။ ဒါပေမဲ့ ဘုရားက မိဘကို ရိုသေခိုင်းတယ်။ မိဘ ကိုယ်အပေါ် ကောင်းသည်ဖြစ်စေ၊ မကောင်းသည် ဖြစ်စေ၊ တာဝန်ကျေသည် ဖြစ်စေ၊ မကျေသည်ဖြစ်စေ၊ ရိုသေရမယ့် ပညတ်ကို ချမှတ်ပေးတယ်။ သူတို့ လုပ်ပေးတဲ့ အရာတွေကို ကြည့်ပြီး ဆုံးဖြတ်ရမှာ မဟုတ်ဘူး။ သူတို့ ပေးခဲ့တဲ့ လက်ဆောင်ကိုပဲ ကြည့်ပြီး ပြန်ပေးဆပ်ဖို့ ဘုရားက ပညတ်ပေးတယ် လို့ထင်ပါတယ်။ မိဘတိုင်းက သားသမီးတိုင်းကို တူညီတဲ့ တန်ဖိုးဖြတ်မရတဲ့ လက်ဆောင် တစ်ခုဆီ ပေးတယ်။ ကျနော်တို့ မိဘတွေက ပေးတဲ့လက်ဆောင်၊ ခင်များတို့ မိဘတွေက ပေးတဲ့လက်ဆောင်၊ အားလုံးက အတူတူပဲ။ အဲ့ဒီတူညီတဲ့ လက်ဆောင်က အခု ကျနော်တို့ ရရှိထားတဲ့ အသက်ပဲ ဖြစ်ပါတယ်။ လောကမှာ အသက်တာလောက် တန်ဖိုးကြီးတာ ဘာမှ မရှိဘူး။ အဲ့ဒီအသက်ကို ပေးခဲ့လို့ ကျနော်တို့တွေ ဒီမှာ ရှိနေကြတာ။ ဒီတစ်ခုတည်းနဲ့တင်ကို မိဘကျေးဇူး ဆပ်ဖို့၊ သိတတ်ရိုသေ လုပ်ကျွေးပြုစုဖို့ အကြောင်းလုံလောက်နေပြီ။

တချို့သားသမီးတွေ ပညာအမွေမရကြဘူး။ တချို့ ချမ်းသာကြွယ်ဝမှုတွေ မရကြဘူး။ တချို့ ချစ်ခြင်းမေတ္တာ မရကြဘူး။ တချို့တွေကျ မိဘတွေဆီက အများကြီးရ ခဲ့တယ်။ ပထမဆုံး အသက်ဆိုတဲ့ လက်ဆောင်၊ ယုံကြည်ခြင်း အမွေ၊ ပညာအမွေ၊ကိုယ့်ဘဝကို ရပ်တည်နိုင်တဲ့ အမွေ၊ ချစ်တတ်အောင် သင်ပေးလိုက်တဲ့ မေတ္တာ အမွေ အများကြီးပါပဲ။ တခါတလေမှာ ကိုယ်က ပညာတတ်လာတဲ့အခါ မိဘကို ကိုယ့်ပေတံနဲ့ တိုင်းတယ်။ အားမလို အားမရတာတွေရှိလာတယ်။ အပြစ်တင်ချင်စိတ်တွေ များလာတယ်။ တကယ်တော့ မိဘတွေလည်း သူတို့ အကောင်းဆုံးကြိုးစား ခဲ့ကြတာပဲ။ ဆင်းရဲဒုက္ခ ရောက်ကြပါစေလို့ ဘယ်မိဘကမှ မရည်ရွယ်ဘူး။ မှားသွားခဲ့ရင်လည်း မေတ္တာအမှားတွေပဲ။ အကောင်းဆုံး၊ သူတို့ရှိတဲ့ အသိပညာ အတတ်ပညာအတိုင်း သားသမီးတွေအတွက် ပေးဆပ်ခဲ့တာချည်းပဲ။ အရောင်တွေ မဆိုးထားတဲ့ မေတ္တာ၊ မျှော်လင့်ချက်တွေ မပါတဲ့ မေတ္တာ၊ ဖြူစင်လွန်းတဲ့ မေတ္တာတွေပါ။ သားသမီးတွေ ချမ်းသာတော့ ပီတိ၊ ဆင်းရဲတော့ ကရုဏာ သမုဒယတွေနဲ့ တယုတယရှိစွာ ပိုက်ထွေးခဲ့တဲ့ မိဘမေတ္တာလောက် သန့်စင်တဲ့အရာ ဘယ်မှာ ရှိဦးမှာလဲ။ ဇရာအို၊ ဆံပင်ဖြူသွားကျိုးပေမဲ့ သမီး သားကို ချစ်အားမလျော့ တေးဆိုချော့ချင်နေသေး တယ်။ မိဘမေတ္တာ တိုင်းတာမရပါဘူး။ အနှိုင်းအဆမရှိပါဘူး။ ဖြူစင်မြင့်မြတ်ကြီးမားလွန်းတဲ့ ဒီမေတ္တာတွေကို ကျနော်တို့ ဘယ်လို တုန့်ပြန်ကြမလဲ။

မိဘတွေ ပေးခဲ့တဲ့ အသက်တာအတွက်ကြောင့် မိဘတွေကို ကျနော်တို့ ရိုသေသမှုပြုကြရတယ်။ ကျနော်တို့ ဘယ်လိုတုန့်ပြန်ကြမလဲ။ တစ်နေ့ကျရင် လူငယ်တွေက မိဘတွေ ဖြစ်လာကြမယ်။ ဘုန်းကြီး သီလရှင်တွေလည်း ကိုယ့်ရဲ့ အသွေးအသားနဲ့ဖြစ်တည်လာတဲ့ သားသမီးတွေ မရှိပေမဲ့ ဘုရားပေးတဲ့ လုပ်ငန်းတာဝန် ဘဝအခြေအနေမှာ အားလုံးက မိဘနေရာ ယူထားကြရတယ်။ အချိန်တန်ရင် မိဘနေရာ ရောက်ကြမှာပဲ။ မိဘတွေက ကျနော်တို့ကို အသက်ပေးတယ်။ ဒီလက်ဆောင်ကိုပဲ ကျနော်တို့ ကြုံတွေ့လာရမယ့် သူတွေကို လက်ဆင့် ပြန်ကမ်းရမယ်။ ကိုယ့်ကြောင့် သူများရဲ့ ဘဝက အသက်ဝင်လာတယ်။ သူတို့ရဲ့ အသက်တာက ပိုပြီးစိုပြေရှင်သန်လာတယ်ဆိုရင် ကိုယ်ကိုယ်တိုင်ကလည်း အသက်ပေးသူ တစ်ယောက်ပါပဲ။ မိဘစိတ်ထားပြီး မေတ္တာနဲ့ သွန်သင်လမ်းပြဖို့၊ တွေ့ကြုံရမယ့် သူတွေရဲ့ ဘဝကိုလည်း အသက်သွင်းနိုင်ဖို့ရန်အတွက် ဘုရားသခင်က ကျနော်တို့ကို ပြန်တောင်းဆိုနေပါတယ်။ ကိုယ့်ကိုတိုင်က အသက်ကို ရခဲ့သလို သူများကိုလည်း အသက်ပေးသွင်းနိုင်တဲ့သူတွေ ဖြစ်ကြရမှာပါ။

ဒီနည်းအားဖြင့် မိဘကျေးဇူးကို ရေရှည် ဆပ်နိုင်ပါတယ်။ လောလောဆယ် အချိန်မှာလည်း မိဘကျေးဇူးကို သိတတ်ကြောင်း ကျနော်တို့ ပြဖို့ လိုဦးမယ်။ မိဘနဲ့ အဝေးမှာ ရှိနေသူတွေ၊ မိဘနဲ့ အနီးမှာနေပြီး ဝေးနေတဲ့သူတွေ အနေနဲ့ မိဘတွေကို သားသမီးတွေက မမေ့လျော့ဘဲ သတိရ ဆုတောင်းပေးနေတယ်၊ ကြိုးစားနေကြတယ်၊ ချစ်တယ်ဆိုတဲ့ အကြောင်းကို သိအောင် မိဘတွေဆီ ဖုန်းလေးတစ်ချက်လောက်ဖြစ်ဖြစ် စာလေးတစ်ကြောင်း လောက်ဖြစ်ဖြစ် ရေးပို့လိုက်လို့ ရပါတယ်။ သားသမီးတွေဆီက ဖုန်းတစ်ချက်ဖွင့်ရင် မိဘတွေဖက်က အပြုံးတစ်ချက် ပွင့်နေမှာပါ။ ကျေးဇူးရှင် မိဘတွေအတွက် ဆုတောင်းပေးကြရအောင်။ နေမဝင်ချိန်ခင်မှာ ကိုယ့်ကြောင့် သူတို့တွေ ပြုံးနိုင်ကြပါစေ။

# ရန်ကုန် ဂိုဏ်းချုပ်သာသနာ မှ ကော်မရှင်များ စုံညီ အစည်းအဝေး



ရန်ကုန် ဂိုဏ်းချုပ်သာသနာ မှ ကော်မရှင် အသီးသီးတို့အစည်းဝေး ကို ၂၀၁၉ ခုနှစ် ဇူလိုင်လ ၁၉ ရက် နံနက် ၉ နာရီမှ ညနေ ၅ နာရီ အထိ ရန်ကုန်ဂိုဏ်းချုပ် ဆရာတော်ကျောင်းတိုက်တွင်ပြုလုပ်ခဲ့သည်။

ကော်မရှင်အသီးသီးမှ မိမိတို့လုပ်ဆောင်ချက်များ ကို တင်ပြပြီး ရှေ့ဆက်လုပ်ဆောင်မည့်အရာများကို ညှိနှိုင်းဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြသည်။

(OSC YANGON)

# ရန်ကုန်ဂိုဏ်းချုပ်သာသနာ ကက်သလစ်အမျိုးသမီးရေးရာကော်မရှင် တွေ့ဆုံဆွေးနွေးခြင်း

ရန်ကုန်ဂိုဏ်းချုပ်သာသနာရှိ သာသနာ အုပ်စု ၂၂ စု မှ ကက်သလစ် အမျိုးသမီးရေးရာ ကော်မရှင်များ (၄) လပတ်(ဧပြီလ မှ ဇူလိုင်လ) တွေ့ဆုံဆွေးနွေးခြင်းကို ၂၀၁၉ ခုနှစ် ဇူလိုင်လ နံနက် ၈ နာရီခွဲ အချိန်တွင် ရန်ကုန် ဂိုဏ်းချုပ် သာသနာ ရန်ကုန်မြို့ရှိ စိန်မေရီ ကာသီဒြယ်တွင် စိန်မေရီသာသနာအုပ်စု ကက်သလစ်အမျိုးသမီး ရေးရာကော်မရှင်မှ လက်ခံ ကျင်းပခဲ့ကြပါသည်။

ရန်ကုန်ဂိုဏ်းချုပ်သာသနာ လက်အောက်ရှိ သာသနာအုပ်စု ၂၂ စု မှ အမျိုးသမီး အင်အား၂၀၀ ကျော်တက်ရောက်ခဲ့ကြသည်။ တွေ့ဆုံခြင်း အခမ်းနားတွင် ကျန်းမာရေးရာ၊ ဝိညာဉ်ရေးရာ၊ လူမှုရေးရာ နှင့် လူ့အခွင့်ရေးများ တန်ဖိုးထားခြင်း ဆိုင်ရာများကို တာဝန်ရှိသူများက ပို့ချဆွေးနွေးမှုများပြုလုပ်ခဲ့ကြပြီး အခမ်းနားကို ကိုယ်တော်မြတ်ကောင်းကြီးခံယူခြင်းဖြင့်အဆုံးသတ်ခဲ့ကြပါသည်။

(OSC YANGON)





# မတူညီသော ဘာသာရေးတရားများတွင် အတူယှဉ်တွဲပြီး နေထိုင်နိုင်ရန် အမြင့်ဖွင့် ဟောပြောပွဲ

မတူညီသော ဘာသာရေးတရားများတွင် လူငယ်များ အတူယှဉ်တွဲပြီး နေထိုင်နိုင်ရန် အမြင့်ဖွင့် ဟောပြောပွဲကို ရန်ကုန်မြို့ အင်းစိန်၊ နံ့သာကုန်းရှိ စိန့်ပီတာ စိန့်ပေါလ် ဘုရားကောင်းတွင် ၂၀၁၉ ခုနှစ် ဇူလိုင်လ ၁၉ ရက် နှင့် ၂၀ ရက်နေ့များတွင် ကျင်းပ ပြုလုပ်ခဲ့သည်။

အခမ်းအနားကို ကျောင်းထိုင် ဘုန်းတော်ကြီး ဂျေရုမ်း ဝင်းရွှေကြည် မှ ဦးဆောင်ခဲ့ပြီး ပထမရက် (ဇူလိုင် ၁၉ ရက်) နေ့တွင် ဗုဒ္ဓဘာသာ သံဃာတော်များ မှ ဗုဒ္ဓဘာသာ ဆိုင်ရာ သိမှတ်ဘွယ်ရာများကို ဟောပြောပို့ချခဲ့သည်။

ဒုတိယရက် (ဇူလိုင် ၂၀ ရက်) နေ့တွင် နှစ်ခြင်း ခရစ်ယာန်မှ ဆရာ နေရှူးက ဝေမျှ ပို့ချခဲ့သည်။ နှစ်ခြင်း ခရစ်ယာန်များ၏ ယုံကြည်ချက်နှင့် ထူးခြားသော ဝိသေသ အကြောင်းအရာများကို ဝေမျှခဲ့သည်။

ပို့ချဝေမျှချက်များအပေါ် လူငယ်များမှ သိလိုသည်များကို ပြန်လည် မေးမြန်းဆွေးနွေးခဲ့ကြသည်။ ဤကဲ့သို့ ဟောပြောပွဲကြောင့် လူငယ်များအနေနှင့် မတူညီသော ဘာသာများအပေါ် နားလည်လာပြီး အတူယှဉ်တွဲနိုင်ရန် အထောက်အကူ ဖြစ်စေခဲ့သည်။

Radio Veritas Asia Karen Service



## တက္ကသိုလ်ဝင်တန်း စာမေးပွဲ အောင်မြင်သူများအား ဂုဏ်ပြုခြင်း အခမ်းအနား



ကျိုင်းတုံကက်သလစ်သာသနာအုပ်စုမှတက္ကသိုလ်ဝင်တန်း စာမေးပွဲ အောင်မြင်သောကျောင်း သူ/ သားများအား ဂုဏ်ပြုဆုချီးမြင့်ပွဲကို ဇူလိုင်လ ၂၁ ရက် နံနက် ၁၀ နာရီအချိန် တွင် ကျင်းပခဲ့ကြပါသည်။

ကျောင်းသူ/သားများအား ကျောင်းထိုင်ဘုန်းတော်ကြီး အန်ထော်နီတိုနီမှ ရည်ရွယ်ချက်ရည်မှန်းချက်ထားရှိပြီး ပန်းတိုင်သို့ အရောက်ကြိုးစား ကြပါရန် မှာကြားခဲ့သည်။

ကျောင်းသူတစ်ဦးမှ အားလုံးကိုယ်စားကျေးဇူးတင်စကား ပြောကြားခဲ့သည်။ တက်ရောက်လာကြသူ အားလုံးကို ခေါက်ဆွဲကြော်ဖြင့် ဧည့်ခံခဲ့ပါသည်။

Law Ju (OSC-Keng Tung)

## ဓမ္မဆရာ/မများ တစ်လ တစ်ကြိမ်ဆုတောင်းခြင်း ခွန်အားယူကာ တွေ့ဆုံဆွေးနွေးခြင်း

မိုင်းဖြတ် ကက်သလစ်သာသနာကွက်သစ်ရပ်ကွပ်တွင် သာသနာအုပ်စုအတွင်းရှိ အလုပ်အမှုတော်ဆောင် ဓမ္မဆရာ/မများ တစ်လတစ်ကြိမ်ဆုတောင်းခြင်း ခွန်အားယူကာ တွေ့ဆုံဆွေးနွေးခြင်းကို၂၀၁၉ ခုနှစ် ဇူလိုင် လ ၂၇-၂၈ အထိ ပြုလုပ်ခဲ့ပါသည်။


ဓမ္မဆရာ/မများ ကဏ္ဍနှင့် ဘာသာတူများ ယုံကြည်ခြင်း ပိုမိုတိုးပွားလာစေရန်၊ ဘာသာရေးအမြင် ပွင့်လာဖို့ရန်နှင့် ၁၀ ဖို့ ၁ဖို့အလှူကိုပိုမိုအသက်ဝင်လာပြီး ဘာသာတူများအားလုံး ပါဝင်ပူးပေါင်းလာစေရန် နိုးဆော်ပေးခြင်းနှင့်အတူ ရှေ့ဆက်ကာ ယခုကဲ့သို့ တစ်လတစ်ကြိမ် တွေ့ဆုံဆွေးနွေးသွားမည်ဟု အတည်ပြုခဲ့ကြသည်။

ကက်သလစ်ဘာသာတူနှင့်တကွ ဝိညာဉ်ခွန်အားယူ၊ အတူဆုတောင်းကာ ကွပ်သစ်ဘာ သာတူများ ဧည့်ခံကျွေးမွေးချက်ပြုတ်ပေး ပြီး အလှူဒါနများပေးကာ အမှတ်တရပုံများ အတူရိုက်ရင်း နိဂုံးချုပ်ခဲ့ပါသည်။

Keng Tung-Osc



## သင့်ကိုဘုရားသခင်ချစ်တော်မူသည်




□"ချစ်သည်" ဟုဆိုရာ၌ မိမိကိုယ်ကိုယ်သိခြင်းကို ဆိုလိုသည်။ ထိုအကြောင်းကြောင့် ဘုရားသခင်သည် သင့်အဖို့ ရှေ့ပြေးနမိတ် ဗျာဒိတ်ပေးတော်မူခဲ့သည်။

□"ချစ်သည်" ဟုဆိုရာ၌ မိမိကိုသိကျွမ်းသောပုဂ္ဂိုလ်ထံမှ နှစ်သက်မြတ်နိုးကြင်နာမှုတို့ ရရှိခြင်းကိုဆိုလိုသည်။ ထိုအကြောင်းကြောင့် ဘုရားသခင်သည် သင့်အဖို့ မိမိအထူး ချစ်မြတ်နိုးတော်မူသော တစ်ဦးတည်းသော သားတော် ခရစ်တော်သခင်အား လူ့အဖြစ်ယူစေတော်မူခဲ့ခြင်းဖြစ်သည်။

□"ချစ်သည်" ဟုဆိုရာ၌ မိမိချစ်သူအတွက် ဘဝအသက်တာအား ပေးအပ်ပုံအောခြင်းကို ဆိုလိုသည်။ ထိုအကြောင်းကြောင့် ဘုရားသခင်သည် သင့်အဖို့မိမိအထူးချစ်မြတ်နိုးတော်မူသော တစ်ပါးတည်းသော သားတော် ခရစ်တော်သခင်အား လက်ဝါးကပ်တိုင်ထက်တွင် အသေခံစေတော်မူခဲ့ခြင်း ဖြစ်သည်။

□"ချစ်သည်" ဟုဆိုရာ၌ မိမိချစ်သူနှင့် နှစ်ကိုယ်တူယှဉ်တွဲနေလိုခြင်းကို ဆိုလိုသည်။ ထိုအကြောင်းကြောင့် ဘုရားသခင်သည် သင့်အဖို့ ခရစ်တော်သခင်အား ကိုယ်တော်မြတ်မင်္ဂလာစက္ကရမင်တူးကို တည်ထောင်စေတော်မူခဲ့ခြင်းဖြစ်သည်။

□"ချစ်သည်" ဟုဆိုရာ၌ မိမိချစ်သူအပေါ် သစ္စာရှိပြီး ခိုင်မြဲသောအချစ်စစ်နလုံးသားရှိနေခြင်းကို ဆိုလိုသည်။ ထိုအကြောင်းကြောင့် ဘုရားသခင်သည် သင့်အဖို့ သခင်ခရစ်တော်၏ ရွှေနှလုံးတော်အား မီးတောက်လောင်စေတော်မူခဲ့ခြင်းဖြစ်သည်။

□"ချစ်သည်" ဟုဆိုရာ၌ မိမိချစ်သူ၏ပျော်ရွှင်ချမ်းမြေ့မှု လိုလားဆောင်ရွက်ပေးခြင်းကို ဆိုလိုသည်။ ထိုအကြောင်းကြောင့် ဘုရားသခင်သည် သင့်အဖို့ ကောင်းကင်သုခချမ်းသာနိုင်ငံတော်၌ စံစားရန် ဂတိပေးတော်မူခဲ့ခြင်းဖြစ်သည်။

□သင့်ကို ဘုရားသခင်ချစ်တော်မူသည်...

မှတ်ချက် ။ ။ Religious Magazine ဟောင်းတစ်အုပ်မှ "You are loved"
ခေါင်းစဉ်ပါ စာစုအား ဘာသာပြန်ပါသည်။

#သည်းနယူး(sdb)

# အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား အောက်မေ့ဖွယ်ရာ ဘာသာပေါင်းစုံ ဆုတောင်းပွဲ ကျင်းပ

(၇၂) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း နှင့် အာဇာနည် ခေါင်းဆောင်ကြီးများအား အောက်မေ့ဖွယ်ရာ ဘာသာပေါင်းစုံ ဆုတောင်းပွဲအခမ်း အနားကို ဇူလိုင်လ ၁၉ ရက် ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ် ၊ အမှတ်(၁)ရပ်ကွက်၊ တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ် (၅၄) ရှိ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နှင့် ဘာသာပေါင်း စုံမှ တာဝန်ရှိသူများသည် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည် ခေါင်းဆောင်ကြီးများကို အောက်မေ့သတိရ ခြင်း အထိမ်းအမှတ်အဖြစ် နှစ်မိနစ်ငြိမ်သက် ဂါရဝပြုကြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံလုံး ဆိုင်ရာ ဟိန္ဒူဗဟိုအဖွဲ့ချုပ် အဖွဲ့ဝင် ဦးမျိုးကိုကိုနှင့် ဦးဆူနီလ်၊ အစ္စလာမ်ဓမ္မဗိမာန် ဦးဆောင်ဆော်သြရေးမှူး အယ်လ်ဟာဂျ် ဦးအေးလွင်၊ မြန်မာနိုင်ငံဂျူးဘာသာ ခေါင်းဆောင် ဆရာ ဦးစယ်မီ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဘဟာအီ သာသနာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးတင်ကြိုင် နှင့် အဖွဲ့ဝင်ဒေါ်ကျင်လှ၊ ဆစ်ခ်ဘာသာ ကိုယ်စားနယ်လှည့် ဆစ်ခ်သာသနာ အကျိုးတော်ဆောင် ဂရာနီးသာရာဆင်း (တောင်ကြီး)၊ မြန်မာနိုင်ငံ ခရစ်ယာန်အသင်း တော်များ ကောင်စီကိုယ်စား သာသနာပိုင် ဒေါက်တာ စံမြတ်ရွှေ တို့က မေတ္တာစကားများ ပြောကြားကြပြီး ကိုးကွယ်ရာဘာသာများ အလိုက် ဆုတောင်းမေတ္တာပို့သကြသည်။



ဆက်လက်၍ ပုသိမ် ကက်သလစ် ဂိုဏ်းအုပ် ဆရာတော် ဂျွန်မန်းဆိန်းဃီ က ဆုတောင်းစကား ပြောကြားသည်။ ထိုသို့ ပြောကြားရာတွင် ဆရာတော်က "မိမိအဆွေတို့အဖို့ အသက်စွန့်သော မေတ္တာထက်သာလွန်သော ချစ်ခြင်း မေတ္တာ မရှိ" ဟူသော ကျမ်းပိုဒ်ကို အခြေခံကာ သူတပါးအတွက် စွန့်လွှတ်စွန့်စားရဲသော အာဇာနည်ခေါင်းဆောင်ကြီးများအား ချီးမွမ်းစကား ဆိုခဲ့သည်။ ခေါင်းဆောင်ကြီးများ၏ ကျေးဇူးကို အသိအမှတ်ပြုကာ သူတို့ မျှော်လင့်ခဲ့သည့် လွတ်လပ်ပြီး သာယာဝပြောသော ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံတော်ကြီး တည်ဆောက်ခြင်း၌ တက်ကြွစွာ ပါဝင်ကြရန် ဖိတ်ခေါ်ခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် ပရိသတ်များက "ဖြောင့်မတ်မည့်ကျူး" ဓမ္မဂုဏ် တော်ချီးမွမ်းပြီး သိက္ခာတော်ရ ဆရာ ဒေါက်တာ A ကိုလေး က ကောင်းချီးမင်္ဂလာပေး၍ ဆုတောင်းပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆုတောင်းပွဲအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် တက်ရောက်လာကြသည့် အဖွဲ့များနှင့် အတူစုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ဆုတောင်းပွဲသို့ နိုင်ငံတော် သမ္မတ (ငြိမ်း) ဦးထင်ကျော် နှင့် ဇနီး၊ ဒုတိယသမ္မတ ဦးဟင်နရီ ဗန်ထီးယူ ၊ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့်ဇနီး၊ ပြည်ထောင်စု အစိုးရ အဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူနှင့်ဇနီး၊ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် နာယက ဦးတင်ဦး၊ ဘာသာပေါင်းစုံမှ တာဝန်ရှိ သူများနှင့် ဧည့်သည်တော်များတက်ရောက် ကြသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံရုံး

# စိန်ဂျော်ကင်းနှင့်စိန်အာနားပွဲကျင်းပခြင်း

မန္တလေး ကက်သလစ် ဂိုဏ်းချုပ်သာသနာ မြောက်ကိုင်းရွာရှိ စိန်ဂျော်ကင်းနှင့် စိန်အာနား ဘုရားကျောင်းပွဲတော်ကို ၂၀၁၉ ခုနှစ် ဇူလိုင်လ (၂၇) ရက်နေ့ နံနက် (၈)နာရီက မစ္ဆားတရားဖြင့် ကျင်းပခဲ့ပါသည်။

ဂိုဏ်းချုပ်ဆရာတော်ကြီး မာကုတင်ဝင်းမှ မစ္ဆားတရားတော်မြတ်ကို ဦးဆောင်ခဲ့ပြီး ဘုန်းတော်ကြီး (၂၄) ပါး ပါဝင်ခဲ့ပါသည်။

ရပ်နီးရပ်ဝေးမှ သီလရှင်များ၊ ကိုရင်များနှင့် ဓမ္မမိတ်ဆွေများလည်း ပါဝင်ပူဇော်ခဲ့ကြပါသည်။

ဆရာတော်ကြီးမှ ဩဝါဒ တရားရေအေးတိုက်ကျွေးရာ၌ ဒီကနေ့ဟာ အမိမယ်တော်မာရီယားရဲ့ ဖခင်နှင့် မိခင်ဖြစ်သော စိန်ဂျော်ကင်းနှင့် စိန်အာနားရဲ့ ပွဲနေ့ကို မိဘများပွဲနေ့အဖြစ်သတ်မှတ်ပြီး ကျင်းပကြကြောင်း၊ ကျွန်ုပ်တို့ ရဟန်း ၊သီလရှင်၊ ဆရာ၊ မိဘများဟာ အရှေ့ကနေ လမ်းကောင်း ပြသပေးဖို့လိုကြောင်း၊ ကောင်းမွန်တဲ့ အမွေများလက်ဆင့်ကမ်း ပေးထားနိုင်ခဲ့ရန်လိုအပ်ကြောင်း၊ လူတစ်ယောက် လောကထဲကို စတင်ဝင်ရောက်လာချိန်မှာ ဝမ်းပမ်းတသာဖြင့် ကြိုဆိုကြလေ့ရှိကြောင်း၊ ထို့အတူ သေဆုံးတဲ့ အချိန်မှာလည်း ဝမ်းသာစရာကောင်းတဲ့ အဖြစ်မျိုးနဲ့ မဟုတ်ဘဲ





သေဆုံးချိန်မှာလဲ ကျန်ခဲ့သူတွေကဝမ်းနည်းစရာကောင်းတဲ့ အဖြစ်မျိုးဖြင့် ကျန်ခဲ့ကာ လူသားအကျိုးပြုတဲ့၊ အများအကျိုးပြုတဲ့ သူတယောက်အဖြစ် အသက်ရှင်နေထိုင်ကြရန် လိုအပ်ကြောင်းများကို ဩဝါဒ တရားရေအေး တိုက်ကျွေးခဲ့ပါသည်။

အဲ့ဒီနောက် မစ္ဆားတရားကို ဆက်လက်ပူဇော်ခဲ့ပါသည်။ မစ္ဆားတရားအပြီးတွင် ကျောင်းထိုင် ဘုန်းတော်ကြီးများ ကျေးဇူးတင်စကားကို မြွက်ကြားခဲ့ပါသည်။

ထို့နောက် မြောက်ကိုင်းမှ ဆရာတော်ဘုရားအား လက်ဆောင်ချီးမြှင့်ခြင်းကိုလုပ်ဆောင်ခဲ့ပါသည်။

အဲ့ဒီနောက် ကြွရောက်လာသော ဧည့်သည်တော်များအား နေ့လည်စာဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြပြီး ဆင်အကဖြင့် ဖျော်ဖြေကာ စိန်ဂျော်ကင်းနှင့် စိန်အာနား ဘုရား ကျောင်းပွဲတော်နေ့ကို အောင်မြင်စွာကျင်း ပပြီးစီးခဲ့ပါသည်။

News By- Pinky

## ရန်ကုန်ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ် ချားလ်စ် ဘိုအား ကက်သလစ် ဘိုးဘွားရိပ်သာမှ မိဘများပွဲနေ့ လာရောက် ဂုဏ်ပြု နှုတ်ဆက်ခဲ့ကြသည်။ (ဇူလိုင် ၂၆ ရက် ၂၀၁၉)



## အမျိုးသားခေါင်းဆောင်ကြီးပိုလ်ချုပ်အောင်ဆန်း နှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား အောက်မေ့ ဖွယ်ရာ ဘာသာပေါင်းစုံ ဆုတောင်းပွဲ ကျင်းပ



## ပြည် သာသနာ ဂိုဏ်းအုပ်ဆရာတော် အလက်ဇန္ဒြား ပြုံးချို ၏ အသက်တော် (၇၀) နှစ် ပြည့် မွေးနေ့ ပွဲတော်




## မတူညီသော ဘာသာရေးတရားများတွင် အတူယှဉ်တွဲ နေထိုင်နိုင်ရန် အမြင့်ဖွင့် ဟောပြောပွဲ



## စတုတ္ထအကြိမ်မြောက် သာသနာပြုလုပ်ငန်းမြှင့်တင်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကျင်းပ



## ရန်ကုန် ဂိုဏ်းချုပ်သာသနာ မိဘများပွဲနေ့အကြို ပန်းချီနှင့် စာစီစာကုံးပြိုင်ပွဲ







မြန်မာနိုင်ငံ
ကက်သလစ်ဆရာတော်ကြီးများ
အဖွဲ့ချုပ် ပိုင် တေးသံသွင်း
ဓမ္မတေးသီချင်းများ
ထုတ်လုပ်လိုလျှင်ဆက်သွယ်ကာ
အကူအညီရယူနိုင်ပါသည်။
ဖုန်း - ၀၉၂၆၈၄၂၁၆၁၁
၀၉၇၉၉၃၈၃၆၁၅